မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၇၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာနိုင်ငံကချမှတ်လျှောက်လှမ်းနေသည့်လမ်းကြောင်းနှင့် ဖွံ့ဖြိုးရေးတည်ဆောက်အောင်မြင်မှုများ နိုင်ငံကြီးအချို့မသိကျိုးကျွံပြုပြီး စာပေနည်း၊ မီဒီယာနည်းတို့ဖြင့် ဖျက်လိုဖျက်ဆီးလုပ်လာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများပန်းပြပြီး မတရားသြဇာလွှမ်းမိုးရန်ကြိုးပမ်းနေ

စာပေကလောင်ရှင်များအနေဖြင့် ဆိုရေးရှိက ဆိုအပ်စွတည့် ဆိုသည့်အတိုင်း အမှန်ဘက်ကရပ်တည်ရေးသား

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ပြည်ထောင်စုခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် မြို့နယ်များ၏ စာပေလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာတို့၏ရပ်တည်မှုစိတ်ထားရပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြ

- မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့်ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်သည့်အတွက် စာပေနှင့်စာနယ်ဇင်းလုပ်ငန်းနယ်ပယ်တွင် အခြားသောနိုင်ငံများနှင့် တန်းတူဆက်ဆံနိုင်ရန်အတွက် လက်ရာယှဉ်ပြိုင်မှုများ၊ အတွေးအခေါ် ယှဉ်ပြိုင်မှုများနှင့် အနုပညာရသယှဉ်ပြိုင်မှုများကို တရားသဖြင့်ပြုလုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမှာဖြစ်။ မြန်မာတို့၏ ရပ်တည်မှုစိတ်ထားရပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်စွမ်းရှိအောင် ရည်မှန်းပြီး အားထုတ်ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိကြဖို့အထိ လုပ်ဆောင်သွားကြရမှာဖြစ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

လက်ဖက်ကုန်ချောများ တိုးတက်တင်ပို့နိုင်ရေးကြိုးပမ်း

အသီးမှာသရက်၊ အသားမှာဝက်၊ အရွက်မှာလက်ဖက်ဆိုသည့် စကားနှင့်အညီ လက်ဖက်သည် မြန်မာ့လူနေမှုဘဝတွင် ရှေးယခင်ကာလမှ ယနေ့ထက်တိုင် ကျယ်ပြန့်စွာ နေရာယူထားသော စားသောက်ဖွယ် တစ်မျိုးဖြစ်သည်။

ယခုအခါ လက်ဖက်ကို စားသောက်ကုန်များနှင့် ဆေးဝါးများတွင်ပါ ထည့်သွင်းသုံးစွဲလာကြရာ ကမ္ဘာတစ်ဝန်းတွင် လက်ဖက်သုံးစွဲအားမြင့်တက်လာပြီး လက်ဖက်စိုက်ပျိုးဖြစ်ထွန်းသော နိုင်ငံများအတွက် ပြည်ပဝင်ငွေတိုးတက်ကာ လက်ဖက်တောင်သူများဘဝ မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းတို့တွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းသည်။

မြန်မာနိုင်ငံသည် လက်ဖက်ကိုစီးပွားဖြစ် စိုက်ပျိုးနိုင်သော ကမ္ဘာ့နိုင်ငံ အနည်းငယ်ထဲတွင် ပါဝင်ပြီး မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက နှစ်သိန်းကျော်ရှိရာ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရန် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေသည်။

လက်ဖက်သည် ဈေးကောင်းရသော ပြည်ပပို့ကုန်တစ်မျိုးဖြစ်သည်။ ပျမ်းမျှအားဖြင့် စပါး ၁၅တန် သို့မဟုတ် ပဲအမျိုးမျိုး ၁၀တန် တင်ပို့၍ရသည့် နိုင်ငံခြားငွေကို လက်ဖက်ကောင်း တစ်တန်က ရှာပေးနိုင်သည်။ ကမ္ဘာပေါ်တွင် လက်ဖက်အများဆုံး ထုတ်လုပ်တင်ပို့နေသော နိုင်ငံများမှာ ကင်ညာ၊ သီရိလင်္ကာ၊ တရုတ်တို့ ဖြစ်ကြသည်။

လက်ဖက်တွင် ကင်ဆာရောဂါကို ကာကွယ်နိုင်သည့် ဓာတ်တစ်မျိုးပါဝင်သည်။ လက်ဖက်စားသုံးခြင်း၊ လက်ဖက်ရည်ကြမ်း သောက်ခြင်းဖြင့် လေဖြတ်ခြင်း၊ နှလုံးခုန်ရပ်တန့်ခြင်းနှင့် ကင်ဆာရောဂါများကဲ့သို့ နာတာရှည်ရောဂါအန္တရာယ်မှ လျော့ပါးစေနိုင်သည်။ ရောဂါ အားလုံးနှင့် ဇရာဖိစီးခြင်းဒဏ်က ကင်းလွတ်နိုင်သည်ဟု ဆိုသည်။

လူတို့နေ့စဉ်အသုံးပြုနေမှုတွင် လက်ဖက်ခြောက်အပြင် လက်ဖက်စိမ်းကို အဆီထုတ်ပြီး စားသောက်ကုန်၊ အလှကုန်နှင့်ဆေးဝါးများ၌ ထည့်သွင်းသုံးစွဲနေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးရန် အလွန်ကောင်းမွန်သော ရေမြေအနေအထားများ ရှိသည့်အပြင် လုပ်ခဈေးနှုန်းသက်သာသော လုပ်သားများရှိနေရာ စိုက်ပျိုးရေးနည်းစနစ်ပိုင်း၊ ခေတ်မီအခြောက်ခံစက်နှင့် အခြားထုပ်ပိုးစက်ကိရိယာများ သုံးစွဲနိုင်မှုအပိုင်းများကို မြှင့်တင်ဖြည့်ဆည်းပေးခြင်းဖြင့် လက်ဖက်ကုန်ချောများ အဆင့်မီ ပိုမိုထုတ်လုပ်တင်ပို့သွားနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဝယ်သူအကြိုက် လိုက်လျောညီထွေပြောဆိုဆက်ဆံ အရည်အသွေး အဆင့်ဒီဇိုင်းကောင်း မျက်နှာသုတ်ပဝါများတီထွင်

ရန်ကုန် ဇူလိုင် ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းမောင်၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်၇နာရီခွဲက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ မြန်မာ့အထည်အလိပ် လုပ်ငန်း၏ အထည်ချုပ်စက်ရုံအမှတ်(၁၇)သို့ရောက်ရှိ၍ ရှေးဦးစွာ စက်ရုံဝင်းအတွင်း ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးပြီး ဝယ်သူအကြိုက်လိုက်လျောညီထွေ ပြောဆိုဆက်ဆံသွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အထည်ချုပ်စက်ရုံအတွင်း စက်ရုံထုတ် အားကစားဝတ်စုံများ၊ ချုပ်ပြီးဖလန်ထည်အင်္ကျီများ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ၊ အပ်ချုပ်ဌာန၌ အိပ်ရာခင်းနှင့် လိုက်ကာများ ချုပ်လုပ်မှုလုပ်ငန်းများ၊ ပုံဖြတ်စက်ဖြင့် အင်္ကျီပုံစံများ ဖြတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

တီထွင်ထုတ်လုပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးအမှတ်(၁) ကန်ရိပ်သာလမ်းရှိ မရမ်းကုန်း မျက်နှာသုတ် ပဝါစက်ရုံ အမှတ်(၂၃)ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများ အားတွေ့ဆုံ၍ စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်ရေး၊ အရည်အသွေး အဆင့်ဒီဇိုင်း ကောင်းမွန်သော မျက်နှာသုတ်ပဝါများကို တီထွင်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ချည်စက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ရက်ကန်းစက်များဖြင့် မျက်နှာသုတ်ပဝါများရက်လုပ်မှုနှင့် ချည်ငင်စက်များဖြင့် ချည်ငင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ထို့နောက်ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့အားအမှူးထား၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် ဝန်ထမ်းမိသားစုများက ပင့်သံဃာတော် ၁၅ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဝန်ကြီး၊ ဇနီးနှင့် ပရိသတ်တို့သည် ကျောက်ကုန်းကျောင်းကြီးတိုက်ဆရာတော် ဘဒ္ဒန္တဝိသာရဒထံမှ သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"သခ်တမှ အသခ်တသို့"**
- ၉:၁၅ ၁၁။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"လှပသောအိပ်မက်ကလေး"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၁၅ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၄၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၁၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၇-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
- ၇:၁၅ ဝါသနာရှင်စင်မြင့် (ညီသစ်ထူး၊စုချစ်ဇော်)
- ၇:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၀ တေးဂီတအစီအစဉ်
- ၈:၀၅ Sunday Talk [ဦးမျိုးမြတ်သူ၊ ဦးကိုကို (စက်မှုတက္ကသိုလ်)]
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၀ စားကောင်းမယ့်ထမင်းတစ်လုပ်
- ၉:၂၀ မိုးလေဝသခန့်မှန်းချက်
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ Myanmar Video Rhythm
- ၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ အပိုင်း(၁)
- ၁၁:၀၀ ယဉ်ကျေးမှုအမွေထိန်းသိမ်းဖို့ တစ်တပ်တစ်အားပါဝင်စို့
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊မွန်မွန်)
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ အရောင်များထဲမှ အမျိုးသမီးများ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြ၍ မိမိမျိုးနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်ကြရာတွင် စံနမူနာယူထိုက်သူများ ဖြစ်ကြပေသည်။

မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်က အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြပြီး မြန်မာအမျိုးသမီးများကိုယ်တိုင် ဦးဆောင်၍ အမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊ အမျိုးသမီးများဆိုင်ရာ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက် (၇)ရပ်၊ အခြေခံမူ(၄)ရပ်တို့ဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ထူထောင်ဖွဲ့စည်းခဲ့ပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများဘဝ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသလို တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍများတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကျရာနေရာများမှ တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်နေကြသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် စည်းရုံးရေးရာဌာနကြီး၊ စီမံရေးရာဌာနကြီး၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီး၊ ဘဏ္ဍာရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးဟူ၍ ဌာနကြီးခြောက်ခုနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့၊ အမျိုးသမီးကြီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့တို့ကို ဖွဲ့စည်းထားပေးပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြပေသည်။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များနှင့်အညီ လုပ်ငန်းများအလိုက် အောက်ခြေအထိ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။

ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အမျိုးသားများနည်းတူ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ဗဟိုမှ အောက်ခြေအဆင့်ထိ အဖွဲ့ဝင်များတိုးတက်ရေးနှင့် အရည်အသွေး တိုးတက်ရေးတို့ကို လေ့ကျင့်ဆောင်ရွက်ပေးပြီး နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်ရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရေး၊ အသေးစားချေးငွေလုပ်ငန်း (Micro Credit Scheme) အတွက် အရင်းမပျောက် ရန်ပုံငွေများ မတည်ပံ့ပိုးပေးအပ်ခြင်း၊ စာပေအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ အမျိုးသမီးများဆိုင်ရာ ဗဟုသုတများတိုးပွားစေရန် အမျိုးသမီးကဏ္ဍ စာပေဟောပြောပွဲများကို နိုင်ငံတကာ အမျိုးသမီးအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ အမျိုးသမီးရေးရာလုပ်ငန်းများကို ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပေသည်။

ရီရီမြင့် (သတင်းစဉ်)

ပြန်ကြားရေးရာဌာနကြီးအနေဖြင့် စံပြကျေးရွာများသို့ သွားရောက်၍ ကျေးရွာစာကြည့်တိုက်များအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် လည်းကောင်း၊ ပြန်ကြားရေးရာဌာနကြီးအနေဖြင့် လည်းကောင်း စာအုပ်စာစောင်၊ မဂ္ဂဇင်း၊ စာစောင်မျိုးစုံတို့ လှူဒါန်းသည့်အပြင် စာသင်ကျောင်းများတွက် အလှူငွေနှင့် သင်ကြားရေး အထောက်အကူပစ္စည်းများ ဝန်ကြီးဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ကြသည်။

အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ကလည်း Counselling Training ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးပြီး အမျိုးသမီးငယ်များအား နှစ်သိမ့်ဆွေးနွေးခဲ့ကြသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့လာသော လူကုန်ကူးမှုပြဿနာသည် ပြည်တွင်းသာမက နိုင်ငံဖြတ်ကျော်လာမှုကြောင့် အမျိုးကောင်းသမီးလေးများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ အမျိုးသမီးထုနှင့် အပြန်အလှန် ထိရောက်စွာ ဆွေးနွေးပြောဆိုနိုင်သော စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးထု သိသင့်သိထိုက်သော အသိပညာ၊ ဗဟုသုတများကို ပေးစွမ်းနိုင်ခဲ့သည်။

၎င်းအပြင် ရှေ့လုပ်ငန်းစဉ် (၇)ရပ် အကောင်အထည်ဖော်ရာတွင် အခြေခံရမည့် လုပ်ငန်းစဉ်များဖြစ်သည့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း၊ အသေးစားချေးငွေထုတ်ချေးခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း၊ စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ ရာသီအလိုက် ရိုးရာပွဲတော်များ ပါဝင်ဆင်နွှဲခြင်း၊ အဖွဲ့ဝင်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုရရှိရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင် ကျင်းပသော လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု ကျူးလွန်သူများနှင့် ပတ်သက်၍ သွေးဆောင်ဖြားယောင်း ခိုးယူမှုများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်လျက်ရှိသော ဌာနဆိုင်ရာများအား ပူးပေါင်းကူညီခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်၍ ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူမှုရေးအခက် အခဲကြုံတွေ့နေသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း၊ လူမှောင်ခိုကူးခြင်းခံရသော အမျိုးသမီးများနှင့် ကလေးများအား ပြန်လည်ထူထောင်ရေးနှင့် မိသားစုထံ ပြန်လည်ပို့ဆောင်အပ်နှံခြင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးငယ်ရွယ်များသည် အနာဂတ်မျိုးဆက်သစ်များဖြစ်သဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုတို့ကို မြတ်နိုးတတ်စေရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မိမိနိုင်ငံ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။**

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သည်မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စေတနာပြယုဂ်ပင်ဖြစ်ပါကြောင်း မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

တွဲလက်ညီညာ မျိုးမြန်မာ

ဒို့မြန်မာအမျိုးသမီး
ဂုဏ်ကြီးသည့်စွမ်းရည်၊
ချီးကျူးဖွယ်စုံညီ။
ခေတ်မီ၍ ဖွံ့ဖြိုး၊
မြန်ပြည်နှံ့ မွှေးပျံ့လှိုင်သည်
ဘဝင်တိုင် လွှမ်းခြုံလို့မိုး၊
ယဉ်ကျေးမှုစဉ်အလာ
လိုက်နာသူလူမျိုး၊
ဒို့နိုင်ငံ ပြည်အကျိုးကိုလ
ဒို့သယ်ပိုးစွမ်းဆောင်၊
တိုင်းပြည်နယ်သွယ်သွယ်စခန်းမှာ
တူညီလှမ်း လှမ်းကြမယ်မောင်၊
ရည်မှန်းချက်ပေါ်လွင်အောင်
ဒို့ကြံဆောင်ရပ်မနားပါဘု
ဇွဲအားနဲ့ပွားထက်သန်မှာ
တွဲလက်ညီညာ၊
စည်းလုံးလို့ပြည်သာမည်
နောင်ရှည်ကြာ တည်တံ့လိမ့်လေး။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါသည်။)

ဝင်းမြအေး

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အမျိုးသမီးများဘဝလုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို မိမိနိုင်ငံ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ နိုင်ငံတကာအဖွဲ့ အစည်းများ နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

မလေးရှားမှ မွေးမြူရေးထွက်ကုန်များ စင်ကာပူနိုင်ငံသို့ ပြန်လည်တင်သွင်းမည်

စင်ကာပူ ဇူလိုင် ၁

မလေးရှားနိုင်ငံ၏ ရောဂါကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားသော စီလန်ဂါပြည်နယ်နှင့် ပီရက်ခ်ပြည်နယ်မှ မွေးမြူရေးခြံထွက်ကုန်များ စင်ကာပူနိုင်ငံသို့ တင်သွင်းမှု ပိတ်ပင်ထားခြင်းကို ဇွန် ၃၀ ရက်ကစ၍ ရုပ်သိမ်းမည်ဖြစ်သည်။

သွားရောက်ကြည့်ရှု

စင်ကာပူနိုင်ငံရှိ စိုက်ပျိုးရေး၊ အစားအစာနှင့် တိရစ္ဆာန်ဆေးဝါး ကုသရေး အာဏာပိုင်အဖွဲ့ (အေဗွီအေ)မှ ဇွန် ၂၈ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ၎င်းတို့၏ အရာရှိ နှစ်ဦးသည် လွန်ခဲ့သည့်အပတ်က ယင်းပြည်နယ်နှစ်ခုရှိ မလေးရှား တိရစ္ဆာန်ဆေးဝါးကုသရေးအဖွဲ့ (ဒီဗီအက်)၏ ကြက်ငှက်တုပ်ကွေး တိုက်ဖျက်ရေးနှင့် ဇီဝလုံခြုံရေး လုပ်ဆောင်မှုများကို ချင့်ချိန်တွက်ချက်ရန် အတွက် သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ကျေနပ်မှုရှိ

ဒီဗီအက်အဖွဲ့သည် မလေးရှားနိုင်ငံရှိ ကြက်ငှက်များတွင် ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါပိုးကို တားဆီး ထိန်းချုပ်မှု အကောင်အထည်ဖော်ခြင်းသည် ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတကာ အဆင့်မီသဖြင့် အေဗွီအေအဖွဲ့အနေဖြင့် ကျေနပ်မှုရှိကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ပြန်လည်တင်ပို့

စီလန်ဂါပြည်နယ်ရှိ မွေးမြူရေးကြက်ခြံ ခြောက်ခြံနှင့် ပါရက်ခ် ပြည်နယ်ရှိ ဘဲမွေးမြူရေးခြံ ၃၇ ခြံအား ပိတ်ပင်ထားမှုကို ရုပ်သိမ်းလိုက်ပြီး ခြံထွက်ဥများနှင့် ဘဲများ စင်ကာပူနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။

ထို့အပြင် မလေးရှားနိုင်ငံရှိ ရောဂါကင်းမဲ့ဇုန်များဖြစ်သော ဂျိုဟာ၊ မလက်ကာနှင့် နီဂရီစီဘီလန်ပြည်နယ် များမှ မွေးမြူရေးခြံထွက်ကုန်များကို စင်ကာပူနိုင်ငံသို့ ဆက်လက်တင်သွင်းမည်ဟု (အေဗွီအေ)အဖွဲ့က ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နျူကလီးယားစက်ရုံတည်ဆောက်ရန် တင်ဒါခေါ်ယူမည်

ဂျကာတာ ဇူလိုင် ၁

အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး နျူကလီးယား လျှပ်စစ်ဓာတ်အား စက်ရုံတည်ဆောက်ရန်အတွက် ကန်ထရိုက်တာများ ရွေးချယ်ရန် နောင်နှစ်တွင် တင်ဒါခေါ်ယူမည် ဖြစ်ကြောင်း ဇွန် ၂၉ရက် သတင်းစာတွင် ဖော်ပြပါရှိသည်။

ယင်းတင်ဒါအား စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီများသည် ရေဖိအားသုံး နျူကလီးယား ဓာတ်ပေါင်းဖို တည်ဆောက်ခြင်းတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများ ဖြစ်သင့်ကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ပါနိုမိုက ပြောကြားသည်။

များသောအားဖြင့် ယင်းကုမ္ပဏီများသည် အမေရိကန်၊ ဂျပန်၊ ပြင်သစ်၊ နှင့်တောင်ကိုရီးယားတို့မှ ဖြစ်ကြသည်။

ယခုတည်ဆောက်မည့် နျူကလီးယားဓာတ်ပေါင်းဖိုသည် ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီသီယိုးပီးယားနိုင်ငံမှ ကလေးငယ်လေးများအားတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံများ၏ ကြွေးမြီအတွက် ဒေါ်လာ ၃၇ဘီလီယံ ထောက်ပံ့ပေးမည်

စကော့တလန် ဇူလိုင် ၁

ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများ၏ ကြွေးမြီများကို ပယ်ဖျက်ပေးရန် ကမ္ဘာ့ဘဏ်က ငြင်းဆန်လျက်ရှိသည်။

ဇူလိုင် ၁ ရက်မှစပြီး ကမ္ဘာ့အဆင့်ရဲဆုံး ၁၉ နိုင်ငံ၏ ကြွေးမြီ ဒေါ်လာ ၃၇ ဘီလီယံကို ထောက်ပံ့ပေးခြင်းဖြင့် ကြွေးမြီများကို လျှော့ပစ်ရန် စကော့တလန်၌ ဂျီ-၈ ထိပ်သီးအစည်းအဝေးတွင် ယမန်နှစ်က သဘောတူညီချက်များအရ ယခုကဲ့သို့ ကမ္ဘာ့ဘဏ်က ကြွေးမြီများ ပယ်ဖျက်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

အများဆုံး

ဂရင်းနီးယားလက်သို့ ရောက်ရှိလာကြသော အဆိုပါ ခေါင်းဆောင်များက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ၏ ကြွေးမြီကိုပယ်ဖျက်ရန် ကတိကဝတ်ပြုခဲ့ကြသည်။ ယင်းအဆင်းရဲဆုံးနိုင်ငံများအနက် အာဖရိကတိုက်မှ အများဆုံးဖြစ်သည်။

ယင်းအစီအစဉ်အရ အဆိုပါ အဆင်းရဲဆုံးနိုင်ငံများအပေါ် လာမည့် အနှစ် ၄၀ ကျော်တွင် ကြွေးမြီသက်သာခွင့်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၉ နိုင်ငံမှာ ဘီနင်၊ ဘိုလီးဘီးယား၊ ဘာကီနာဖာဆို၊ ကင်းမရွန်း၊ အီသီယိုးပီးယား၊ ဂါနာ၊ ဂူယာနာ၊ ဟွန်ဒူးရပ်စ်၊ မဒါဂတ်စကား၊ မာလီ၊ မောရစ်သျှ၊ မိုဇမ်ဘစ်၊ နီကာရာဂွာ၊ နိုင်ဂျာ၊ ရဝမ်ဒါ၊ ဆီနီဂေါ၊ တန်ဇန်းနီးယား၊ ယူဂန္ဓာနှင့် ဇမ်ဘီယာ နိုင်ငံတို့ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ဘီစီ ၄၂ခန့်က ဒင်္ဂါးပြား

လွန်ခဲ့သော ဘီစီ ၄၂ခန့်က ပြုလုပ်ခဲ့သည့် ဒင်္ဂါးပြားတစ်ခုကို ပြသနေစဉ်။ (ဝဲပုံ)

အဆိုပါ ဒင်္ဂါးပြားကို လန်ဒန်မြို့၌ ပြသထားခြင်းဖြစ်ပြီး ရှေးခေတ် ဂရိလူမျိုးတို့ အသုံးပြုခဲ့သော ငွေဒင်္ဂါးပြားတစ်ခုဖြစ်သည်။ ၎င်းငွေဒင်္ဂါးပြားသည် ဘီစီ ၄၂ ခန့်က ပြုလုပ်ခဲ့သော ပစ္စည်းတစ်ခုဖြစ်ပြီး ဂရိလူမျိုးတို့၏ ယဉ်ကျေးမှုကို လေ့လာနိုင်မည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ အကြီးဆုံးမိကျောင်း

ကမ္ဘာ့အကြီးဆုံး မိကျောင်းတစ်ကောင်အား ပြည်သူများ ကြည့်ရှုနေစဉ်။ (ယာပုံ)

ထိုင်းနိုင်ငံ ချင်းရိုင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း အရှည် ခြောက်မီတာရှိပြီး အလေးချိန် ၁၁၁၄ ကီလိုဂရမ်ရှိသည့် မိကျောင်းကြီးတစ်ကောင်၏ (၂၈) နှစ်မြောက် မွေးနေ့ပွဲကို ဇွန်၂၈ရက်၌ ကျင်းပခဲ့သည်။ ၎င်း မိကျောင်းကြီးသည် ဖမ်းမိမွေးမြူထားသမျှမိကျောင်းများ အနက် ကမ္ဘာပေါ်တွင် အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဗီဇာမမှန်မကန်လုပ်သူ အမေရိကန်နှစ်ဦး ဂျကာတာလူဝင်မှုကြီးကြပ်ရေးရုံးသို့ လွှဲအပ်

ဂျကာတာ ဇူလိုင် ၁

အမေရိကန်နိုင်ငံသားနှစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံရှိ မျိုးနွယ်စုအဖွဲ့ အစည်းအဝေးသို့တက်ရောက်ရန်အတွက် ခရီးသွားလာရေးဗီဇာကို တရားမဝင် မမှန်မကန်ပြုလုပ်ခဲ့သဖြင့် နိုင်ငံအရှေ့ပိုင်းရှိ ပါပူရာပြည်နယ်တွင် အဖမ်းခံခဲ့ရပြီးနောက် ဂျကာတာသို့ ဇွန် ၂၇ ရက်က လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း အင်တာရာသတင်းဌာနက ဖော်ပြသည်။

မိမိတို့သည် အမေရိကန်နိုင်ငံသားနှစ်ဦးအား လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်၏ ပြောကြားချက်အရ ဂျကာတာသို့ လွှဲအပ်လိုက်ကြောင်း ပါပူရာ လူဝင်မှုကြီးကြပ်ရေးရုံး အကြီးအကဲ ဂီရီဟာရီဟာရီယန်တို၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးခံခဲ့ရ

အမေရိကန်နှစ်ဦးဖြစ်သော အသက် ၄၄ နှစ်ရှိ ဘရိန်းဂျို့စ်ဖာကိန်းနှင့် အသက်၂၁နှစ်ရှိကာဆေးကယ်လာဘော့စ် တို့နှစ်ဦးသည် ၎င်းတို့၏ ခရီးသွားလာရေး ဗီဇာကိုအသုံးပြုကာ ပြည်နယ်မြို့တော် ဂျာယာပူရာရှိ ဟိုတယ် တစ်ခု၌ ဒေသခံမျိုးနွယ်စုအဖွဲ့ တစ်ဖွဲ့က ကြီးမှူးကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သဖြင့် ဇွန် ၂၆ ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

ကန့်သတ်ထား

အင်ဒိုနီးရှားအစိုးရသည် ဝေးလံသည့် ပြည်နယ်များသို့ နိုင်ငံတကာဆိုင်ရာ အလည်အပတ်သွားရောက်မှုနှင့်ပတ်သက်၍ မူဝါဒဆိုင်ရာ ရွေးချယ်ကန့်သတ်ထားသည်ဟု ဆင်ဟွာက ဖော်ပြသည်။

ယခုလ အစောပိုင်းကလည်း ရုရှားလူမျိုး လေးဦးနှင့် ဂျပန်တစ်ဦး ပြည်တွင်းလေကြောင်းကုမ္ပဏီတွင် တရားမဝင် လာရောက်အလုပ်လုပ်နေခြင်းကြောင့် ပါပူရာလူဝင်မှုကြီးကြပ်ရေးရုံးက အင်ဒိုနီးရှားနိုင်ငံမှ နှင်ထုတ်လိုက်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ ၂၅ဦးသေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁

ဘဂ္ဂဒက်မြောက်ပိုင်း ကီလိုမီတာ ၂၅၀ ခန့်အကွာရှိ ကယ်ကွတ်မြို့ ဈေးပနတစ်ခုတွင် ကားဗုံးခွဲသူတစ်ဦးက ၎င်း၏ကားအား ဇွန် ၂၉ ရက်က ဖောက်ခွဲခဲ့သဖြင့် လူ ၁၅ဦး သေဆုံးပြီး ၅၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရုပ်မြင်သံကြားမှ အစီရင်ခံ တင်ပြခဲ့သည်။

ပေါက်ကွဲ

ယင်းပေါက်ကွဲမှုသည် လွန်ခဲ့သော နှစ်ရက်ကျော်က သေဆုံးခဲ့သော အီရတ်တပ်ဖွဲ့ဝင် တစ်ဦးအတွက် ဈေးပနအခမ်းအနား ပြုလုပ်နေစဉ် ညဇနာရီခန့်က ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ပြင်းထန်

ရေနံ အထွက်ကောင်းသော ကယ်ကွတ်မြို့တွင် ယခုရက်ပိုင်း အတွင်း တိုက်ခိုက်မှုများ ပြင်းထန်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

ပညာရေးကဏ္ဍက တာဝန်ရှိသူများ အသိစိတ်ဓာတ်၊ စေတနာ၊ ပညာအရင်းခံဖြင့် နိုင်ငံ့အကျိုးကြိုးပမ်းအားထုတ်

နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများအခြေခံပြီး မျက်မှောက်စိန်ခေါ်မှုဖြေရှင်းနိုင်ရန် အနာဂတ်မျှော်မှန်းသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျစီမံကိန်းအဆင့်ဆင့်ချမှတ်ဆောင်ရွက်

မြန်မာ့ပညာရေးလောက၏ အရေအတွက်နှင့်အရည်အသွေးပါ တိုးတက်ပြောင်းလဲမှုများ အံ့မခန်းတွေ့မြင်နေရ

နေပြည်တော် ဇူလိုင် ၁

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမဥ္စကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများပေးအပ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိ ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခ ချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိက များ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြ သည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကားပြောကြား ရာတွင် ခေတ်သစ်စနစ်သစ်သို့ ပြေပြစ် ချောမွေ့စွာ ကူးပြောင်းနိုင်စေရန် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်း အတာဖြင့် တက်ညီလက်ညီ ဦးထမ်း ပဲ့ထမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တွင် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍ တိုင်း၌ အရှိန်အဟုန်မြှမြှနှင့် ဟန်ချက် ညီညီ တိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံသူ နိုင်ငံသားအားလုံးက မိမိတို့ သက်ဆိုင်ရာအခန်းကဏ္ဍ၏ တာဝန် ဝတ္တရားများကို တာဝန်သိသိဖြင့် ကျေကျေပွန်ပွန် အောင်အောင်မြင်မြင် ကြိုးစားလုပ်ဆောင်ကြရန် အထူးလို အပ်ကြောင်း။

ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်

နိုင်ငံတော်၏ အနာဂတ်ကို မျှော်မှန်းပြီး ရေရှည်အကျိုးစီးပွား အတွက် ဦးတည်ကြိုးပမ်းပြောင်းလဲ ရသည့် ဖြစ်စဉ်ကြီးတွင် တစ်ခန်း၊ တစ်ကဏ္ဍ၏ အားနည်းချို့ယွင်းမှု သည် ညင်သာသိမ်မွေ့စွာ ပြောင်းလဲ ဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကို နှောင့်နှေး လစ်ဟာစေမည် ဖြစ်သကဲ့သို့ ယနေ့ ယခုအချိန်တွင် မသိသာ မမြင်သာသည့် ချို့ယွင်း အားနည်းမှုသည် အနာဂတ်ကာလ၌ မလိုလားအပ်သည့် ကြီးမားသောဆုံးရှုံး နစ်နာမှုများဖြစ်ပေါ်စေမှာ အမှန်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်ကောလိပ် ဆရာ ဆရာမတိုင်းက ပညာရေးကဏ္ဍ က တာဝန်ရှိသူတစ်ဦးအနေဖြင့်သော် လည်းကောင်း၊ ပညာရှင်တစ်ဦးအနေ ဖြင့်သော်လည်းကောင်း၊ နိုင်ငံသူ နိုင်ငံ သားတစ်ဦးအနေဖြင့်သော်လည်းကောင်း မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်အရပ်ရပ်ကို ကျေပွန်စေရ အောင် အသိစိတ်ဓာတ်၊ စေတနာ၊ ပညာအရင်းခံတို့ဖြင့် နိုင်ငံ့အကျိုးကို မျှော်မှန်းပြီး ကိုယ်စီကိုယ်စီအားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

နိုင်ငံသူ နိုင်ငံသားတစ်ဦးချင်း၏ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်အရင်းခံ ဖြင့် ကြိုးစားအားထုတ်မှုများ၊ ဆိုင်ရာ ဆိုင်ရာ အပိုင်းကဏ္ဍအလိုက်သော် လည်းကောင်း၊ တစ်မျိုးသားလုံး အတိုင်းအတာအရသော်လည်းကောင်း စုစည်းညီညွတ်သည့် အားမာန်ဖြင့် ပေါင်းစည်းအားထုတ် ဆောင်ရွက်မှု များသည် အနာဂတ်၏အောင်မြင်မှု သို့မဟုတ် လစ်ဟာမှုများကို ပိုင်းဖြတ် ပေးနေသည်ဆိုသည့် အသိစိတ်ဓာတ်၊ ပညာဉာဏ်တို့ဖြင့်ယှဉ်ပြီး အားထုတ် ကြိုးစားသွားကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ချမှတ်အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တကာသိပ္ပံနှင့် နည်းပညာတိုးတက် ပြောင်းလဲမှုများကိုအခြေခံပြီး မျက် မှောက်ကာလ၏ စိန်ခေါ်မှုများ အပြင် အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင် ဖြေရှင်း နိုင်စေရန် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု များကို လွန်ခဲ့သောရှစ်နှစ်ကျော် ကိုးနှစ် ကာလ ၁၉၉၈ ခုနှစ်ခန့်က စတင်ပြီး စနစ်တကျစီမံကိန်းအဆင့်ဆင့် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ခြင်းဖြစ်ကြောင်း။

ယင်းအမျိုးသားပညာရည်မြင့်မား ရေး စီမံကိန်းများနှင့်အညီ ကျောင်းသူ ကျောင်းသား လူငယ်များအတွက် သာမက နိုင်ငံသူနိုင်ငံသားအားလုံး အတွက်ပါ စဉ်ဆက်မပြတ် လေ့လာ သင်ယူနိုင်စေမည့် ပညာရေးအခြေခံ ကောင်းများ၊ ကြီးမား ကျယ်ပြန့်သည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်း ကောင်းများကို စနစ်တကျ တည် ဆောက်ဖန်တီးပေးခဲ့ကြောင်း။

အသိဉာဏ်ပညာနှင့်ပြည့်စုံစေရန်၊ ရှာဖွေစူးစမ်းနိုင်ရန်၊ လေ့လာဆန်းစစ် နိုင်ရန်၊ တီထွင်ဖန်တီးနိုင်ရန်၊ လက် တွေ့ ရပ်လုံးဖော်နိုင်ရန်ဆိုသည့် ရည် မှန်းချက်များဖြင့် ပညာရေး အရည် အသွေး မြှင့်တင်မှုအစီအမံများကို အလေးပေး ဆောင်ရွက်ခဲ့ကြောင်း၊ သင်ယူမှု၊ သင်ကြားမှုနယ်ပယ် ပိုမို ကျယ်ပြန့်စေ ရန်၊ ပိုမိုရွေးချယ်သင်ယူ လေ့လာခွင့် ရှိစေရန်၊ ပညာရပ်မျိုးကွဲ များ၊ ပေါင်းစပ်ဘာသာရပ်များ ချိတ် ဆက်သင်ကြားနိုင်ရန်၊ ပုံမှန်ပညာရေး စနစ်နှင့် ယှဉ်တွဲပြီး မျက်မှောက်ခေတ် ကာလက တောင်းဆိုသည့် ပညာရပ် အထွေထွေ၊ ဘာသာရပ်အဖုံဖုံကို လေ့လာသင်ယူနိုင်သော ပညာရေး အဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်း လာစေရန် စနစ်တကျ တိုးချဲ့ပြင်ဆင် ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသူစံပြုဆုကို လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်ထောက်ကထိက ဒေါ်ခင်မိမိအား ပေးအပ်စဉ်။ (သတင်းစဉ်)

အဓိကအားဖြင့် ပညာရပ်စုံ နယ်ပယ်ကဏ္ဍစုံတွင် ဖြန့်ကြက်ပြီး ကြီးမားကျယ်ပြန့်သော အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ် များရရှိဖြစ်ထွန်းလာစေရန်နှင့် အရည် အသွေးမြင့်မားသည့် လေ့လာသင်ယူ နိုင်မှုအခွင့်အလမ်းများ နိုင်ငံတကာ အဆင့်မီ ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများဖြစ်ထွန်းလာစေ ရန် စီမံကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလာသည့် ပညာရေး ပြုပြင် ပြောင်းလဲမှုဖြစ်စဉ်ကြီးတွင် တက္ကသိုလ်ကြီးများ အပါအဝင် တက္ကသိုလ်၊ ကောလိပ် ၁၅၆ ခုအထိ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဖြန့်ကြက်တည်ရှိလာ

ယခင်က ကွန်ပျူတာနည်းပညာ နှင့် ပတ်သက်ပြီး ဒီပလိုမာအဆင့်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ကွန်ပျူတာ တက္ကသိုလ်နှစ်ခုအပြင် ကွန်ပျူတာ ကောလိပ်တို့သည် ပြည်နယ်၊ တိုင်း အားလုံး၌ ဖြန့်ကြက် တည်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ ထို့အပြင် အခြေခံပညာ အထက်တန်းကျောင်းအချို့ အပါ အဝင် တက္ကသိုလ် ကောလိပ်တိုင်း၌ တက္ကသိုလ် ကောလိပ် ဆရာ ဆရာမ များ၊ အခြေခံပညာဆရာ ဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူ များအပါအဝင် ပညာရေးအဝန်းအဝိုင်း တစ်ခုလုံးနှင့် မိဘပြည်သူတစ်ရပ်လုံး ၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင် ရွက်မှုများကြောင့် မြန်မာ့ပညာရေး လောက၏ အရေအတွက်အရရော အရည်အသွေးအရပါ တိုးတက်ပြောင်း လဲမှုများသည် အံ့မခန်းစရာ အရှိန် အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာ ခဲ့သည်ကို ယနေ့ တွေ့မြင်နေရပြီဖြစ် ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၏ တိုးတက် ဖြစ်ထွန်းမှုကိုကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်ကာလက တက္ကသိုလ် ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် မြန်မာ နိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာ ကာသပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် စသည့် ပညာရပ်အထူးပြု Electronic Learning Centre များ၊ Electronic Information Resource Centre များ ရှိလာပြီဖြစ် သည်သာမက တက္ကသိုလ် ကောလိပ် အားလုံး ချိတ်ဆက်ထားသည့် ကွန် ရက်စနစ် (Network) ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

ပညာရပ်များ တိုးတက်ဖြစ်ထွန်းမှု အနေဖြင့်လည်း ဘာသာရပ်မျိုးကွဲ များ၊ ပေါင်းစပ်ဘာသာရပ်များ၊ ဆင့်ပွားဘာသာရပ်များ တိုးပွားပေါ် ထွန်းလာသည့်အတွက် ပညာရပ်မျိုးကွဲ စုံလင်ပြီး အထူးပြု လေ့လာနိုင်သော ကြီးမားကျယ်ပြန့်သော ပညာရေး အဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်း နေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

စဉ်ဆက်မပြတ် လေ့လာသင်ယူ နိုင်မှုအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း တက္ကသိုလ် ကောလိပ်များတွင် ယခင် ခေတ်အခါက မဟာဘွဲ့သာ အမြင့်ဆုံး သင်ကြားပေးနိုင်ခဲ့သော်လည်း ယခုဆို လျှင် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များအထိ သင်ကြားပေးနိုင် နေသည့်အတွက် ယနေ့ကာလ ဘွဲ့လွန် သင်တန်း တက်ရောက်သူဦးရေသည် ယခင်ခေတ်ကာလ ဘွဲ့ကြိုသင်တန်း တက်ရောက်သူဦးရေထက် များပြား နေပြီဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းများ

ပညာရပ်နယ်ပယ်အသီးသီးတွင် သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ပေး နိုင်မှု၊ ပါရဂူဘွဲ့ရ၊ မဟာဘွဲ့ရ ဆရာ များ အပါအဝင် အရည်အသွေးမြင့် ဆရာများ တိုးပွားလာမှုများ၊ ခေတ်မီ ဓာတ်ခွဲခန်းနှင့် လက်တွေ့ခန်းများ၊ Electronic Information Resource Centre များ၊ e-Library များစသည့် နိုင်ငံတကာ အဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက် အအုံများ ဖြစ်ထွန်းလာမှုတို့ကြောင့် အဆင့်မြင့် ပညာကဏ္ဍ တစ်ခုလုံး၌ ပညာရည် အရည်အသွေး မြင့်မားမှု အကျိုးရလဒ်ကောင်းများ လွှမ်းခြုံ ရရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ ရရှိဖြစ်ထွန်းနေပြီဖြစ် သည့် အခြေခံကောင်း၊ အရည်အသွေး ကောင်းများကို ထိုက်ထိုက်တန်တန် အသုံးပြုပြီး ပိုမိုတိုးတက်သော အခြေ အနေကို ဖန်တီးကြရန် တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများအတွက် ပညာရပ်ဆိုင်ရာ အခွင့်အလမ်းကောင်း များဖြစ်သကဲ့သို့ ပညာရေးဆိုင်ရာ တာဝန်များလည်းဖြစ်သည်ဟု ပြော ကြားလိုကြောင်း။

ဆရာ ဆရာမ တစ်ဦးချင်း၊ တက္ကသိုလ် ကောလိပ် တစ်ခုချင်း၏ ပညာရပ်ဆိုင်ရာ အရည်အသွေးများ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

အတွေ့အကြုံများ၊ တီထွင်ကြံဆမှုများ၊ လေ့လာဆန်းစစ်မှုများ၊ သုတေသနပြု ဖော်ထုတ်တွေ့ရှိမှုများကို အပြန်အလှန် မျှဝေပေါင်းစည်းပြီး နိုင်ငံအတွက် ပညာစွမ်းအားသစ်များကို တည်ဆောက်ပေးကြရန် ဆရာ ဆရာမတို့တွင် တာဝန်ရှိကြောင်း။

မိမိနိုင်ငံမိမိ တည်ဆောက်နေသည့်ကာလတွင် တက္ကသိုလ် ကောလိပ်တိုင်းကနေ နိုင်ငံတော်အတွက် အားထားရမည့် အဖိုးတန် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဆက်လက်ကြိုးစား ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(အီး-၇၈) ပညာရေးဝန်ကြီးဌာန မြစ်ကြီးနားတက္ကသိုလ် သရုပ်ပြ ဦးဇော်ဇော်ဝင်းအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ်(အေ-၁၀၂) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်ထောက်ကထိက ဒေါ်ခင်မိမိအားလည်းကောင်း၊ ဖွဲလုံ့လဆုများကို သင်တန်းသားအမှတ်(အီး-၅၄) ကျန်းမာရေးဝန်ကြီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကထိက (ဌာနမှူး) ဦးဗိုလ်ဗိုလ်၊ သင်တန်းသူအမှတ်(ဘီ-၄၁) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကထိက(ဌာနမှူး) ဒေါ်ခင်စန်းတင့်နှင့် သင်တန်းသူ အမှတ်(အေ-၈) ပညာရေးဝန်ကြီးဌာန စစ်ကိုင်းပညာရေးတက္ကသိုလ် နည်းပြ ဒေါ်ငြိမ်းမမခင်တို့အားလည်းကောင်း ပေးအပ်သည်။

စံပြအဆောင်ဆု

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စံပြအဆောင်ဆု ရရှိကြသော အမျိုးသားအမှတ်(၁) တပ်ခွဲအဆောင်(၂)နှင့် အမျိုးသမီးအမှတ်(၄) တပ်ခွဲအဆောင်(၂)တို့ကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်နှင့် ဒုတိယသင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသားသင်တန်းသူများအား လည်းကောင်း ပေးအပ်သည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသား သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော်(မန္တလေး) အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေနှင့် အမျိုးသားညီလာခံအား ဂုဏ်ပြုလှူဒါန်းငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကံထူးရှင်များပေါ်ထွက်

ရန်ကုန် ဇူလိုင် ၁

အကြိမ်(၂၁၀)မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)အထူးဆု

ခ-၉၁၈၅၃၆

ကျပ်သိန်း(၃၀၀)ဆုများ

န-၄၃၉၃၅၇ ခ-၈၆၅၄၃၄

ကျပ်သိန်း(၂၀၀)ဆုများ

မ-၆၈၇၁၈၃ ဌ-၆၉၈၂၅၉
စ-၈၃၉၈၁၆ ဥ-၂၀၇၄၆၀

ကျပ်သိန်း(၁၀၀)ဆုများ

ၡ-၄၄၂၄၃၇ ဃ-၃၈၀၂၅၁
က-၉၉၁၃၃၄ ဓ-၂၄၂၅၅၃
န-၈၁၆၅၅၆ က-၇၉၇၂၃၂
ပ-၆၈၃၆၁၃ ခ-၂၉၈၄၂၀
ဓ-၆၂၃၉၉၆ ဖ-၆၆၇၄၂၈
က-၅၄၄၁၈၀ တ-၅၈၀၉၆၀
သ-၅၁၈၈၂၇ ဘ-၉၇၂၇၇၆
စ-၉၇၂၈၅၉

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲ)ဆုများ

ထ-၉၆၁၈၈၇ င-၁၈၂၅၂၀
ဂ-၁၈၅၃၀၁ င-၆၉၅၆၁၆
ယ-၄၉၄၂၆၀ ခ-၉၂၇၆၄၅
ဒ-၅၀၉၆၈၈ န-၈၉၉၃၆၅
ဘ-၅၆၉၇၂၆ စ-၇၀၆၃၁၂
န-၃၅၂၄၃၆ ပ-၈၂၄၄၂၀
ခ-၇၈၇၂၈၄ ဌ-၇၅၀၂၆၁
ထ-၇၈၃၃၉၆ စ-၆၄၅၃၈၄

(သတင်းစဉ်)

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဘိုကလေးမြို့နယ်ရှိ ကျောင်းများသို့ ကျောင်းသုံးကိရိယာများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ ပညာရေးကောလိပ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဘိုကလေးမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စာသင်ခုံ၊ ထိုင်ခုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နိုင်ငံတော်မှ နိုင်ငံတော်တစ်ဝန်းတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရှိစေရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ဆောင်ရွက်ခဲ့မှုကြောင့် ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ပါဝင်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ပံ့ပိုးဆောင်ရွက်ပေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အသင်းဝင်များနှင့် ဒေသခံ ကျေးလက်ပြည်သူများက လိုအပ်ချက်များအား တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုး ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဘိုကလေးမြို့နယ် အတွင်းရှိ လှိုင်ဂူကျေးရွာ၊ အောင်နိုင်ကျေးရွာနှင့် မြို့မ(၆)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံများ၊ ကျောင်းသုံးစာရေးကိရိယာများအား ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင် အသင်းအတွင်းရေးမှူးတို့က အသီးသီး ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူသည်။

လက်ခံရယူ

၎င်းနောက် ဘိုကလေးမြို့ ပညာရေးကောလိပ်သို့ ငွေပဒေသာပင်အတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀သိန်းစီတို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေးက လက်ခံယူသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့နယ် ပညာရေးကောလိပ် အစည်းအဝေးခန်းမ ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ပညာရေးကောလိပ်ရှိ ဆရာမများအား တွေ့ဆုံပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းရှင်များနိုင်ငံတော်အကျိုး၊ ကုမ္ပဏီအကျိုး မျှတအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၃၀ ရက်က နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း ပြည်ပ ပုဂ္ဂလိကစက်မှုလုပ်ငန်း ကုမ္ပဏီ ၁၄ ခုတို့မှလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက စီးပွားရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးလျက်ရှိရာ ယခုမြန်မာ့သစ်လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ဝန်ကြီးဌာနအနေဖြင့် အားပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိကုမ္ပဏီ အကျိုးရည်မှန်း၍ မျှတအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များဘက်မှ ပြည်ပဈေးကွက်ရှာဖွေရေး ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြှင့်သစ် အချောထည်များ ထုတ်လုပ်ရေး ဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာနက လိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ပြည်တွင်း ပြည်ပ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကမ္ဘာ့အမြင့်ဆုံး မီးရထားလမ်း တရုတ်သမ္မတဟူကျင်တောင် ဖွင့်လှစ်ပေး

တရုတ်သမ္မတ ဟူကျင်တောင်သည် ကမ္ဘာ့အမြင့်ဆုံး မီးရထားလမ်းကြီးကို ဇူလိုင် ၁ ရက်က တက်ရောက် ဖွင့်လှစ်ပေးလိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ရှည်လျား

ယင်းရထားလမ်းသည် ကျင်ဟိုင်း-တိဘက်ရထားလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ထားခြင်းဖြစ်သည်။ အရှည်မိုင်မှာ မိုင် ၇၁၀ ရှည်လျားကြောင်း သိရသည်။

အခွင့်အလမ်း

ယင်းရထားလမ်းဖွင့်လှစ်နိုင်ခဲ့၍ ဆင်းရဲနွမ်းပါးသော ဒေသများအတွက် အဓိက အခွင့်အလမ်းဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

အဆိုပါ ရထားလမ်းမှာ တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ် ဂိုလ်မွန်းဒေသနှင့် တိဘက်ဒေသ၏မြို့တော် လာဆာမြို့တို့အကြား ဆက်သွယ်ဖောက်လုပ်ထားခြင်း ဖြစ်သည်။

ဖွင့်လှစ်

တရုတ်သမ္မတဟူကျင်တောင်က ဂိုလ်မွန်းမှ လာဆာသို့ထွက်ခွာမည့် ခရီးသည် ၉၀၀ ပါ ရထားကြီး စတင်ပြေးဆွဲခြင်း အထိမ်းအမှတ်အဖြစ် အနီရောင်ဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

အဆင်ပြေချောမွေ့

ယင်းရထားလမ်းဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ တောင်တန်းဒေသနေ တရုတ်ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့တော့မည်ဖြစ်သကဲ့သို့ ကမ္ဘာ့သမိုင်းဝင် မီးရထားလမ်းကြီးကိုလည်း ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။ (ကိုးကား-အင်တာနက်)

■ *ကျောဖုံးမှ*

ရှေးဦးစွာ အခမ်းအနားမှူးက ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၈၈ဦးရှိသည့်အနက် ၁၈၃ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၃၄ရာခိုင်နှုန်းရှိ၍ ညီလာခံအထမြောက်ကြောင်း ကြေညာသည်။

သဝဏ်လွှာများဖတ်ကြား

ဆက်လက်၍ အခမ်းအနားမှူးက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံသို့ ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ခ(တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့် စတုတ္ထအကြိမ်ညီလာခံ ဖြစ်ကြောင်း၊ ညီလာခံဖြစ်သည်နှင့်အညီ ကိုယ်စားလှယ်များသည် ပြီးခဲ့သည့် လေးနှစ်အတွင်း အဖွဲ့၏ဆောင်ရွက်ချက်များကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်းက အဖွဲ့၏ အားနည်းချက် အားသာချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဆွေးနွေးပြီး စာပေလောကကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် အသိအမြင်ခံယူချက် ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းကြီးသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပထမလုပ်ငန်းဖြစ်သည့် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူအတွင်း စွဲမြဲစွာခံယူထိန်းသိမ်းနိုင်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကိစ္စများတွင်လည်းအမျိုးသားရေးအမြင်ဖြင့် ချိန်ထိုးညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး ပညာပေး လှုံ့ဆော်စည်းရုံးကြရမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ဒုတိယလုပ်ငန်းဖြစ်သည့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေ၏ ကောင်းမွန်မြတ်နိုးအပ်သည့် အချက်များကို ထိန်းသိမ်းပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထုတ်ဝေသူများ၊ ပုံနှိပ်သူများအနေဖြင့်လည်း စာအုပ် စာစောင်များကို အသွင်သဏ္ဌာန် လှပခံ့ညားတင့်တယ်သပ်ရပ်အောင်၊ စာဖတ်သူကို ဆွဲဆောင်မှုရှိအောင်၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာစာပေ ကမ္ဘာသို့ ထိုးဖောက်နိုင်စေရန် မြန်မာစာပေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အဆင့်မီမီ ဘာသာပြန်ဆိုနိုင်ရေး၊ နိုင်ငံခြားမှ စာကောင်းပေမွန်များကိုလည်း မြန်မာဘာသာသို့ ပြေပြေပြစ်ပြစ် အဆင့်မီ မြန်မာဘာသာပြန်ဆိုရေးသားနိုင်ရေးအတွက် ပညာရှင်များ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ကူညီစောင့်ရှောက်

တတိယလုပ်ငန်းဖြစ်သည့် စာပေလောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထက်ပါလုပ်ငန်းများအောင်မြင်စေရန် ဆောင်ရွက်နိုင်ပြီး စာပေလောက ဖွံ့ဖြိုးလာပါက စာပေလောကသားများ၏ ဘဝမှာလည်း လိုက်ပါတိုးတက်လာမည်သာဖြစ်ကြောင်း၊ ဗဟိုနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအနေဖြင့်လည်း စာပေလောကသားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဤလုပ်ငန်းတာဝန်သည် ကြီးမားကျယ်ပြန့်သည့်အပြင် လုပ်ငန်းသဘာဝမှာ သိမ်မွေ့ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အဖွဲ့အနေဖြင့် အင်အားတောင့်တင်း ကျစ်လျစ်ခိုင်မာရန် လိုအပ်သည့်အပြင် အသင်းဝင်များ၏ အရည်အချင်းလည်း ပြည့်ဝရန် လိုအပ်ကြောင်း၊ အသင်းကြီးသည် သွက်လက်ထက်မြက်၍ စွမ်းရည်မြင့်မြင့်ဖြင့် တာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ အင်အားတောင့်တင်း ကျစ်လျစ်သွက်လက် ထက်မြက်သည့် အသင်းကြီး ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်များရွေးချယ်ရာတွင် လူကြီးပိုင်း၊ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ အတိတ်သမိုင်းကို သိရှိပြီး အတွေ့အကြုံရင့်ကျက်ကာ၊ ဆင်ခြင်တုံတရား ပြည့်ဝသည့်စာပေပညာရှင် လူကြီးပိုင်းများပါရှိရန် လိုသကဲ့သို့ အသင်း၏ တာဝန်များကို သွက်သွက်လက်လက် ထက်ထက်မြက်မြက် အင်တိုက်အားတိုက် လုပ်ဆောင်နိုင်မည့် အတွေ့အကြုံ အထိုက်အလျောက် ရှိသည့် လူလတ်ပိုင်းများကိုလည်း ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ ထို့အပြင် အနာဂတ်စာပေလောက တာဝန်များကို လက်ဆင့်ကမ်း တာဝန်ယူမည့် မျိုးဆက်သစ် လူငယ်လူရွယ်များကိုလည်း လက်တွဲ ခေါ်ဆောင်၍ အမှုဆောင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် အစဉ်ရှင်သန်ပြီး သွက်လက်၊ထက်မြက် အင်အား တောင့်တင်း ကျစ်လျစ်သည့် အဖွဲ့ကြီး ဖြစ်လာမည်ဖြစ်ကြောင်း။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် တိုးပွားရေး၊ မြို့နယ်အားလုံးတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ များ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အပြင် အသင်းဝင်များ၊ အရည်အသွေး မြင့်မားလာအောင် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများကို မကြာခဏ ပြုလုပ်ပေးရေး၊ ကျေးလက်ပြည်သူများ စာဖတ်သည့် အလေ့အကျင့် ရှိလာစေရန်၊ စာပေကို စိတ်ဝင်စားစေရန် ဟောပြောပွဲများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပ၍ ပြည်သူကို စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ငွေပဒေသာပင်စိုက်ထူ

အထက်ပါ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့တွင် ထိုက်သင့်သည့် ရန်ပုံငွေရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ရန်ပုံငွေ ရရှိရေးအတွက် အလှူရှင်များထံမှ အလှူငွေများ စည်းရုံး ကောက်ခံ၍ ငွေပဒေသာပင် စိုက်ထူခြင်း၊ မူဘောင်နှင့်အညီ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေ ရနိုင်မည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်းတို့ဖြင့် ရန်ပုံငွေတစ်ရပ်ကိုထူထောင်သွားကြရမည်ဖြစ်ကြောင်း နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့နှင့် စာပေလောကသားများအနေဖြင့်–

- **စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **အမျိုးသားရေးအခြေခံဖြင့် စာပေလောကသားများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြပါ၊**
- **အမျိုးသားရေး အကျိုးစီးပွားကို စာပေစွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင် ကာကွယ်ကြပါ၊**
- **စာပေ လောကသားများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်ကြပါ၊**
- **ပြည်သူများ၏ အသိပညာ၊ ဗဟုသုတ မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြပါရန်**

တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားပြီး နံနက်ပိုင်းအစီအစဉ်များကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်ကျင်းပ

ထို့နောက် စတုတ္ထအကြိမ် ညီလာခံပထမနေ့ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁၂နာရီခွဲတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်) က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးဆိုက်ကျင် (ဆိုက်ကျင်–သတင်းထောက်)၊ ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ဒေါ်နုနု(နုနု–စာပေဗိမာန်)၊ ဦးခင်အောင်(သတင်းထောက်ခင်အောင်)၊ ဦးဝင်းအောင် (တက်သူအောင်)နှင့် ဦးဇော်ရှိန် (မင်းတပ်ယုဂျင်း) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က ဆောင်ရွက်သည်။

အစီရင်ခံစာဖတ်ကြားတင်သွင်း

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ (အကျဉ်း)ကိုလည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း–လမ်းမတော်)က ဘဏ္ဍာရေးနှင့်စာပေရန်ပုံငွေအစီရင်ခံစာကိုလည်းကောင်း၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ ဒေါ်ချိုချိုတင်(မစန္ဒာ)က ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ချက်ကိုလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအပေါ် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသည့် မိုးညှင်းမြို့နယ်မှ ဦးမျိုးအောင် (မိုးအောင်–ကချင်မြေ)၊ ထီးချိုင့်မြို့နယ်မှ ဦးချစ်ထွေး(မောင်ချစ်ထွေး–မဟာဝိဇ္ဇာ)၊ ဘားအံမြို့နယ်မှ ဦးမန်းသင့်နောင် (မန်းသင့်နောင်–ကော့ကရိတ်)၊ မြိတ်မြို့နယ်မှ ဦးခင်မောင်လေး (မောင်ရဲမင်း)၊ ဒိုက်ဦးမြို့နယ်မှ ဦးဝင်းမြင့်(ကောလိယ–လှိုင်းယဉ်)၊ မကွေးမြို့နယ်မှ ဦးဝင်းမြင့် (မကွေးဝင်းမြင့်)၊ ပြင်ဦးလွင်မြို့နယ်မှ ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ)နှင့် မော်လမြိုင်မြို့နယ်မှ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)တို့က ထောက်ခံဆွေးနွေးကြပြီး စတုတ္ထအကြိမ် ညီလာခံပထမနေ့ မွန်းလွဲပိုင်း အစီအစဉ်များကို ရပ်နားလိုက်သည်။

ယင်းနောက် စတုတ္ထအကြိမ် ညီလာခံပထမနေ့ ညနေပိုင်း အစီအစဉ်များကို ညနေ၃နာရီတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၉ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူ စာဖတ်ပရိသတ်များ အသိပညာရရှိရန် စာကောင်းပေမွန်များ ပေါ်ထွက်ရေး အရေးကြီး

* ရှေ့ဖုံးမှ

အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ စာပေပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လေးနှစ်တစ်ကြိမ် ကျင်းပသော ဤစာပေညီလာခံကြီးသို့ တက်ရောက်လာသည့် ဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များက အဖွဲ့၏ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ စည်းရုံးဖွယ်၊ ဆောင်ရွက်ဖွယ်၊ နိုင်ငံနှင့်လူမျိုး အကျိုးရှိဖွယ် ကိစ္စရပ်များကို ညီလာခံရက်အတွင်းမှာ သုံးသပ်ဆွေးနွေး တင်ပြကြမှာ ဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ဖွယ် ကိစ္စများကိုလည်း အဖွဲ့လုပ်ငန်းစဉ်များအဖြစ် ဆုံးဖြတ်ချက်ချမှတ်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့် တိုင်းများမှ ညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံပြင်ပမာ

စာပေလောကသည် နိုင်ငံနှင့်လူမျိုးတိုင်းအတွက် အရေးကြီးသည့် နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို အားလုံးသဘောပေါက်ကြကြောင်း၊ ထို့ပြင် စာပေသည် အမျိုးသားယဉ်ကျေးမှု အနုပညာများဖြာထွက်ရာ ပင်စည်ကြီးဖြစ်သည်ဟုလည်း ဆိုနိုင်ကြောင်း၊ စာပေလောကသည် အမျိုးသားယဉ်ကျေးမှုတို့ ပုံရိပ်ထင်ရာ ကြေးမုံပြင်ကြီးဖြစ်သည်ဟုဆိုလျှင်လည်း မမှားနိုင်ကြောင်း။

မြန်မာနိုင်ငံ၏ စာပေကြေးမုံပြင်ကြီးထဲတွင် မြန်မာ့အတွေးအခေါ်၊ မြန်မာ့စိတ်ထားနှင့် မြန်မာ့ကြိုးပမ်းမှုတို့ သဲကွဲစွာ ပုံရိပ်ထင်ပြီး ရှိနေသည်ကိုလည်း မိမိတို့ ဂုဏ်ယူစွာဖြင့် ဆက်လက်ထိန်းသိမ်းသွားကြမည်ဖြစ်ကြောင်း၊ ဤပုံရိပ်များထဲတွင် မြန်မာ့လူမှုဓလေ့ တည်ဆောက်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးကို လိုလားမှု၊ ပြည်ထောင်စု စိတ်ဓာတ် အစဉ်အလာဖြစ်ထွန်းမှုတို့သည်လည်း သမိုင်းဖြစ်ရပ်များအနေနှင့် အထင်အရှားကိန်းအောင်း တည်ရှိနေသည်ကို မိမိတို့ မျက်ခြည်မပြတ် ရှိနေသင့်ကြောင်း၊ ယခုကဲ့သို့ စာပေတွင် ပုံရိပ်ထင်ဟပ်သည့် မြန်မာ့လူမှုစိတ်ထားများ ဆက်လက်ဖွံ့ဖြိုးခိုင်မာလာအောင် စာပေနည်းနှင့်ပင် တစ်ဖက်တစ်လမ်းက တည်ဆောက်ပေးသွားရမှာကိုလည်း မမေ့သင့်ကြောင်း။

အနှစ်သာရမပြောင်းလဲ

စာရေးဆရာ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာ၊ ဘာသာပြန်ဆရာ၊ စာနယ်ဇင်းစသည့် ကလောင်ရှင်များသည်“ဝါသနာဘာဂီစက်တိုင်းမီ” ဆိုသကဲ့သို့ အထုံဝါသနာစေ့ဆော်မှုဖြင့် ရေးသားဖွဲ့ဆို လုပ်ကိုင်ကြရာကအစ မိမိတို့၏ အသက်မွေးဝမ်းကျောင်းအဖြစ်နှင့် ရပ်တည်ဖို့အထိ ဘဝဖူလုံမှုကိစ္စလည်းပါဝင်လာကြောင်း၊ မိမိတို့ကျင်လည်ရာ စာပေနယ်၏အရေးပါမှုသည်လည်း ခေတ်အဆက်ဆက်မှာ အနှစ်သာရ မပြောင်းမလဲရှိသော်လည်း လုပ်နည်းကိုင်နည်း စီမံဆောင်ရွက်မှုများသည် ခေတ်ကာလတိုးတက်မှုနှင့်အမျှ ပြောင်းလဲနေကြောင်း၊ ထို့ကြောင့် ပေပုရပိုက် ခေတ်ကနေ ခဲစာလုံးသုံးသည့် ပုံနှိပ်ခေတ်၊ ပုံနှိပ်ခေတ်ကနေ စားပွဲတင်ကွန်ပျူတာခေတ်တို့အထိ ရောက်ရှိပြီး လုပ်နည်းလုပ်ဟန်ပိုမို၍ အဆင်ပြေမှုများ ရှိလာကြောင်း၊ ဤအဆင်ပြေမှုများထဲတွင် မိမိဖန်တီးသည့် လက်ရာကို အလွယ် သိမ်းဆည်းထားနိုင်ခြင်း၊ မိတ္တူများ များပွားနိုင်ခြင်း၊ အကြိမ်ကြိမ် ထုတ်ဝေနိုင်ခြင်းဆိုသည့် ကိစ္စများပါဝင်ကြောင်း။

တစ်နည်းအားဖြင့် ပြောရလျှင် ရေးသားရန် အဆင်ပြေသကဲ့သို့ ပွားများရန်လည်း အဆင်ပြေသည့်အပြင် ပျံ့နှံ့အောင် ဖြန့်ချိမှုအတွက်ပါ နည်းမျိုးစုံထွန်းကားလာခဲ့သည်ကို တွေ့ရကြောင်း၊ ဤထွန်းကားကျယ်ပြန့်မှု ကြောင့်ပင် စာပေကနေ ရုပ်ရှင်၊ တေးဂီတ၊သဘင်၊ဓာတ်ပုံ၊အသံလွှင့်၊ အရုပ်လွှင့်စသည့် လူထုဆက်သွယ်ရေး နည်းလမ်းများအထိ အဆင်ပြေလျှင်ပြေသကဲ့သို့၊ အရည်အသွေးရှိလျှင် ရှိသကဲ့သို့ ကူးပြောင်းနိုင်သည့် မီဒီယာခေတ်ကြီးကို ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး မီဒီယာခေတ်၏ အကိုင်းအခက်လက်တက်ခွဲ နည်းပညာများ ပေါ်ပေါက်လာခြင်းနှင့်အတူ စာပေများ ထုတ်ဝေမှုလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းအသွင်ကိုလည်း ကူးပြောင်းလာခဲ့ကြောင်း၊ စာပေနှင့်အနုပညာလုပ်ငန်းများ ပျံ့နှံ့စေရန် ထုတ်လုပ်ဖြန့်ချိနိုင်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့်အတူ စက်မှုနည်းပညာများကိုပါ ပေါင်းစပ်လုပ်ကိုင်လာကြရကြောင်း၊ ဤသို့သော အပြောင်းအလဲတွင် ခေတ်နှင့်အညီ လုပ်ငန်းသဘာဝ ပြောင်းလဲလာခဲ့သော်လည်း စာပေကပေးနိုင်သော အလိမ္မာနှင့် မူလအနှစ်သာရမှာ ထားရှိသင့်သည့် ရည်ရွယ်ချက်များ မပြောင်းလဲအပ်ကြောင်း၊ မပြောင်းလဲအပ်သဖြင့် ထိန်းသိမ်းသင့်သည့် အနှစ်သာရများထဲတွင် အမျိုးသားရေး ရပ်တည်မှုဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုသည် ထိပ်ဆုံးက ပါဝင်နေကြောင်း၊ ထို့ကြောင့် ဩဇာသက်ရောက်မှုကြီးမားသည့် စာပေသည် မည်သည့်နိုင်ငံတွင်မဆို အမျိုးသား ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် တည်ရှိနေခြင်းပင် ဖြစ်ကြောင်း။

ကျေပွန်စွာထမ်းဆောင်

မြန်မာစာပေလောကသည် အနှစ်သာရများဖြင့် အစဉ်အလာ ကောင်းများရှိပြီးသားဖြစ်ကြောင်း၊ ယင်းတို့မှာ ရေးသားဖွဲ့ဆိုမှု အစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံး ပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြုအစဉ်အလာတို့ဖြစ်ကြောင်း၊ မျက်မှောက်ခေတ် စာပေပညာရှင်နှင့် ကလောင်ရှင်များသည် ဤအစဉ်အလာများကို ထိန်းသိမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုလမ်းကြောင်းဖြင့် စည်းဝါးညီညွတ်စွာ စာပေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

မျက်မှောက်ခေတ်သည် နိုင်ငံတကာနှင့်ကူးလူးဆက်ဆံရသည့် ခေတ်ကာလဖြစ်သည့်အတွက် စာပေနှင့်စာနယ်ဇင်း လုပ်ငန်းနယ်ပယ်တွင် အခြားသောနိုင်ငံများနှင့် တန်းတူဆက်ဆံနိုင်ရန်အတွက် လက်ရာယှဉ်ပြိုင်မှုများ၊အတွေးအခေါ် ယှဉ်ပြိုင်မှုများနှင့် အနုပညာ ရသယှဉ်ပြိုင်မှုများကို တရားသဖြင့် ပြုလုပ်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ကြောင်း၊ မြန်မာတို့၏ ရပ်တည်မှုစိတ်ထား ရုပ်သွင်ကို နိုင်ငံတကာအထိ ထိုးဖောက်တင်ပြနိုင်စွမ်းရှိအောင် ရည်မှန်းပြီး အားထုတ်ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိကြဖို့အထိ လုပ်ဆောင်သွားကြရမှာ ဖြစ်ကြောင်း။

ရပ်တည်ရေးသား

ယခုအချိန်တွင် စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာသာလွန်သောနိုင်ငံကြီးအချို့က မြန်မာနိုင်ငံက ချမှတ်လျှောက်လှမ်းနေသည့် လမ်းကြောင်းနှင့် ဖွံ့ဖြိုးရေးတည်ဆောက် အောင်မြင်မှုများကို မသိကျိုးကျွန်ပြုပြီး စာပေနည်း၊ မီဒီယာနည်းတို့ဖြင့် ဖျက်လိုဖျက်ဆီး လုပ်ကိုင်လာနေကြခြင်း ကို တွေ့ရကြောင်း၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ ဗန်းပြပြီး မတရားဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ ဤအန္တရာယ်သည် မြန်မာတို့မြတ်နိုးစွာ တည်ဆောက်နေသော သွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားအားလုံး အသက်သွေး ချွေးဖြင့် စွန့်စားရယူခဲ့သည့် လွတ်လပ်မှု အချုပ်အခြာ အာဏာပိုင်မှုတို့ကိုပါ ပျက်ပြားယိမ်းယိုင်အောင် ပြုလုပ်နေသည့် အဓမ္မလုပ်ရပ်များဖြစ်သည်ကို သဘောပေါက်ကြရန်လိုကြောင်း၊ စာပေကလောင်ရှင်များ အနေနှင့်လည်း “ဆိုရေးရှိက ဆိုအပ်စွတည့်”ဆိုသည့်အတိုင်း အမှန်အကန်ဘက်က ရပ်တည်ပြီး ရေးသားကြဖို့ တာဝန်ရှိနေကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရကလည်း နိုင်ငံ၌ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများကို မကြုံစဖူး ခိုင်ခိုင်မာမာ တည်ဆောက်ပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေယဉ်ကျေးမှု ကိစ္စများကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက်ပေးနေခြင်းကို စာပေကလောင်ရှင်များ မျက်မြင် ဖြစ်ကြပါလိမ့်မည်။

ဤလုပ်ငန်းများထဲတွင် နိုင်ငံ၌ စာပေရေးသားသူများ ပွားများအောင် အားပေးသည့်အနေနှင့် စာမူဆုနှင့် စာပေဆုများကိုလည်း နှစ်စဉ်ချီးမြှင့်ပေးနေခြင်းကို စာပေကလောင်ရှင်များ သိရှိပြီးဖြစ်ကြောင်း၊ အမျိုးသားစာပေဆု ၁၄မျိုးအပြင် စာပေလုပ်ငန်းကို တစ်သက်တာလုံး သစ္စာရှိ စွာ ဆောင်ရွက်ခဲ့သည့် ဝါရင့်ပညာရှင်များထဲကလည်း တစ်သက်တာစာပေဆုများကိုလည်း ရွေးချယ်ချီးမြှင့်ပေးလျက် ရှိကြောင်း။

နိုင်ငံတော်အနေနှင့် ဝိဇ္ဇာထူးချွန် ဆုတံဆိပ်များ ချီးမြှင့်ခြင်းသည်လည်း စာပေအပါအဝင် အသိပညာရှင်များကို အားပေးထောက်ကူသည့် လုပ်ငန်းဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

ခေတ်မီဖွံ့ဖြိုးလာနေသော လူထု ဆက်သွယ်ရေးနည်းလမ်းများနှင့်အညီ စာပေရေးသားသူများနှင့် အနုပညာဖန်တီးသူများအတွက် သက်မွေးဝမ်းကျောင်းဖူလုံစေရန် လုပ်ငန်းဆက်ဆံမှုများ စနစ်တကျဖြစ်စေရေးနှင့် အမျိုးသားစာပေ အနုပညာများ ဖွံ့ဖြိုးစေရေးအတွက် မူပိုင်ခွင့် ဗဟုသုတများ ရရှိအောင် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဗဟုသုတတိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကို အလျဉ်းသင့်သလို ကျင်းပပေးနေကြောင်း၊ အသိဉာဏ်ဖြင့်ယှဉ်ပြီး ရသမြောက်လက်ရာများကို ဖန်တီးပြုစု အားထုတ်ရသည့်သူများ နယ်ပယ်အလိုက် အချင်းချင်း ပေါင်းစပ်မိပြီး နိုင်ငံ၌ အနုပညာအရပ်ရပ်ဖွံ့ဖြိုးစေရေးနှင့် ခေတ်မီဥပဒေများ ပေါ်ပေါက်ပြဋ္ဌာန်းကျင့်သုံးရေး ကြိုတင်ပြင်ဆင်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း အသိပေးချင်ကြောင်း။

စာမျက်နှာ ၇ မှ

ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ညိန်း (ခင်မောင်ညိန်း-မြန်ဂုဏ်ဆောင်)၊ ဦးသန်းထွန်း (သန်းထွန်း-စကု)၊ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)၊ ဒေါက်တာဌေးလှိုင်(ဒေါက်တာဌေးလှိုင်-ပခုက္ကူ)၊ ဦးရွှေ(ရွှေရိုး)နှင့် ဦးစိုးညွန့် (သတင်းထောက်စိုးညွန့်)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆောင်ရွက်သည်။

ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် မရမ်းကုန်းမြို့နယ်မှ ဦးကျော်စိုး (မောင်ကျေးဇူး)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က ထောက်ခံဆွေးနွေးကြပြီး ထောက်ခံဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီကိုယ်စား အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) က ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)က ကွယ်လွန်သူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်လွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီအရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ညီလာခံ ကိုယ်စားလှယ် မအူပင်မြို့နယ်မှ ဦးမြင့်သိန်း (ခြင်ကျား-မအူပင်) က အဆိုတင်သွင်းရာ လားရှိုးမြို့နယ်မှ ဒေါ်ခင်သန်းနွဲ့ (မမ-တရားရေး)က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် စာပေရန်ပုံငွေအခြေအနေကို ညီလာခံကိုယ်စားလှယ် မြောက်ဥက္ကလာပမြို့နယ်မှ ဦးတင့်ရှိန် (မင်းကြော့ရှိန်)က အဆိုတင်သွင်းရာ မင်္ဂလာဒုံမြို့နယ်မှ ဦးစိုးပိုင်(မောင်ဆန္ဒ-လယ်ဝေး)က လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ချက်ကို ညီလာခံကိုယ်စားလှယ် ချမ်းအေးသာစံမြို့နယ်မှ ဦးသန်း (မောင်သန်း-မဟာဝိဇ္ဇာ)က အဆိုတင်သွင်းရာ စစ်ကိုင်းမြို့နယ်မှ ဦးရဲထွတ်(မောင်မျက်ရှင်)ကလည်းကောင်း ထောက်ခံတင်ပြကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က စာပေစွမ်းဆောင်ရည် ပထမဆုရရှိသည့် မဟာအောင်မြေမြို့နယ်၊ ဒုတိယရရှိသည့် မအူပင်မြို့နယ်၊ တတိယဆုရရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့အားလည်းကောင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) က စွမ်းဆောင်ရည် အထူးဆုရရှိကြသည့် မရမ်းကုန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်) က စွမ်းဆောင်ရည် အထူးဆုရရှိကြသည့် မော်လမြိုင်မြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာမြို့နယ်များမှ ကိုယ်စားလှယ်များက လက်ခံကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၇၀၀၀၊ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မဟာအောင်မြေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြစ်သားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ်နှစ်သောင်းစီ၊ ပါမောက္ခဒေါက်တာသန်းညွန့်(ညွန့်ဝေ-ကသာ)က ငွေကျပ် ၁၇၀၀၀၊ မင်းဘူး(စကု)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၃၀၀၀၊ မိုးကုတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်းနှင့်ကျောက်ပန်းချီကားတစ်ချပ်၊ သရက်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အောင်လံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ နတ်တလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မလှိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြစ်ကြီးနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဓနုဖြူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မုံရွာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဖားကန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဟသ်ာတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ သာယာဝတီမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကလေးဝမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ လှည်းကူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အောင်မြေသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များနှင့် ဦးသန်းမိုးအောင်-ဒေါ်နန်းလှသန်းနွယ်နှင့် ဘားအံမြို့ ဦးဆောက်ပန်းစာပေတို့က ငွေကျပ် တစ်သောင်းစီ၊ ပုလောမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မူဆယ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အောင်မြေသာစံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ်နှစ်သောင်းစီ၊ တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်နှစ်သိန်းတန် ဖက်စ်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ယုဝတီခင်စိန်လှိုင်၊ မနုသကျော်ဝင်း၊ လယ်တွင်းသားစောချစ်၊ ခင်မောင်ထွန်း(လမ်းမတော်)နှင့် အတွင်းရေးမှူး လှထွန်း(တွံတေး)တို့က လက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များကို ပြန်လည် ပေးအပ်ကြကာ စတုတ္ထအကြိမ် ညီလာခံ ပထမနေ့အစီအစဉ်များကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့စတုတ္ထအကြိမ် ညီလာခံသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများက ဂုဏ်ပြုပန်းခြင်းများကို ပေးပို့ခဲ့ကြသည့်အပြင် ပဲခူး၊ ဗဟန်းနှင့် ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များကလည်း ဂုဏ်ပြုပန်းခြင်းများကို ပေးပို့ခဲ့ကြသည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ဇူလိုင် ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အလှူငွေနှင့်စာအုပ်များလှူဒါန်း

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပသည့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က အလှူငွေကျပ် ၁၀သိန်းနှင့် မြို့နယ် ၁၅၁ မြို့နယ်တို့မှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များက ငွေကျပ် ၄၁၂၀၀၀နှင့် ငွေကျပ် ၁၇၀၅၀၀၀တန်ဖိုးရှိ စာအုပ် ၄၂၆၁ အုပ်တို့ကို ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ကလည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ စာအုပ် ၁၀၀၀ကို ဥက္ကဋ္ဌ ပန်းချီ ဦးသောင်းဟန်ကလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် နှစ်သိန်းကို ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် ဒေါ်ဆွေဇင်ထိုက်တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)ကလည်းကောင်း၊ မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်း လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၂၃၉အုပ်ကို ဥက္ကဋ္ဌ ဦးမောင်မောင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူငွေများနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူငွေကျပ် ၁၇၁၂၀၀၀ နှင့် စာအုပ် ၆၅၀၀ ၏တန်ဖိုးငွေကျပ် ၃၀၃၅၀၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၄၇၄၇၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

စာရေးသူများ၏ လက်ရာကို ဖတ်ရှုရသည့် တိုင်းရင်းသားပြည်သူ စာဖတ်ပရိသတ်များ အသိပညာရရှိရန်အတွက် စာကောင်းပေမွန်များ ပေါ်ထွက်ရေးသည် အရေးကြီးကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်မှာရှိသည့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဌာနအနေဖြင့်လည်း ထုတ်ဝေမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး စာကောင်းပေမွန်များ ပေါ်ထွက်ရေး ရည်ရွယ်ချက်ဖြင့် စိစစ်အားပေးနေသည်ကို တွေ့နိုင်ကြောင်း။

ကြိုးစားအားထုတ်

စာဖတ်ပရိသတ်များ စာဖတ်ကျင့်ရရေး၊ ဖတ်စရာစာစောင်စာအုပ်များနှင့် လက်လှမ်းမီရေးအပြင် စာပေကတစ်ဆင့် မှန်ကန်သောအသိပညာများရရှိရေးအတွက် တိုင်းနှင့်ပြည်နယ်အလိုက် ကျေးရွာအဆင့်အထိ စာကြည့်တိုက်များ ဖွင့်လှစ်မှုအရှိန်ရရန် ပြန်ကြားရေးဝန်ကြီးဌာနက ကူညီ ထူထောင်ပေးနေသော လုပ်ငန်းမှာ တစ်ပြည်လုံးအတွက် ယခုအခါ ကျေးလက်စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်(၅၅၁၄၇)ရှိပြီဖြစ်ကြောင်း၊ စာကြည့်တိုက်များကတစ်ဆင့် အရွယ်မရွေး လူသားအရင်းအမြစ်ဖွံ့ဖြိုးအောင် ပြုလုပ်နိုင်ရေးကိစ္စမှာ စာရေးသူများ၏ စေတနာနှင့်ကြိုးစားအားထုတ်မှုအပေါ် မူတည်နေခြင်းကိုလည်း သတိချပ်ကြရန်ဖြစ်ကြောင်း။

ဤလုပ်ငန်းသည် “လူတိုင်းအတွက် ပညာရေး”ဆိုပြီး နိုင်ငံတကာ၌ ကုလသမဂ္ဂကဲ့သို့ အဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသော (Education for All)ဆိုသည့် ပညာခေတ်ထူထောင်မှုလုပ်ငန်းကြီးနှင့်လည်း တစ်သားတည်း ဆက်စပ်နေကြောင်း။

ယခုကဲ့သို့ နိုင်ငံသားအားလုံးအား ဘက်စုံအကျိုးပြုနိုင်သည့် စာပေဖွံ့ဖြိုးရေးကိစ္စ၌ ထိရောက်သည့် အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် စာရေးသူတို့၏နယ်ပယ်၊ ထုတ်ဝေသူတို့၏နယ်ပယ်နှင့် စာဖတ်သူတို့၏နယ်ပယ်တို့တွင် သုံးဦးသုံးဖလှယ်ထိန်းညှိပြီး အကျိုးပြုနိုင်ကြရန်လည်း လိုအပ်ကြောင်း။

တက်ကြွစွာအကောင်အထည်ဖော်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း မူလဖွဲ့စည်းထားရှိသည့် စာပေရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအတိုင်း စာပေဖွံ့ဖြိုးမှု၊ စာရေးခြင်းအတတ်ပညာ ထွန်းကားကျယ်ပြန့်မှု၊ စာပေမျိုးဆက်သစ်များ ပေါ်ပေါက်မှု၊ စာပေနှင့်စာနယ်ဇင်းလောကသားချင်း ရိုင်းပင်းစည်းလုံးမှုတို့ကို တက်ကြွစွာ အကောင်အထည်ဖော်ရင်း စာပေလောကသားများ၏ သက်သာချောင်ချိရေး၊ ထိုမှတစ်ဆင့် သက်မွေးဝမ်းကျောင်းမှုဖူလုံရေးကိစ္စတို့ကိုပါ ဦးဆောင်ရှေ့ရှုက်ပြုပြီး ဆက်လက် အားထုတ်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာပေနှင့်စာနယ်ဇင်းလောကသား အားလုံးတို့ တက်ညီလက်ညီ အသိတရားရှိရှိ ခေတ်ရေစီးနှင့်အညီ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများ အားထားလောက်သည့် မြန်မာစာပေလောက၊ ဂုဏ်သိက္ခာနှင့်ပြည့်စုံသည့် မြန်မာစာနယ်ဇင်းလောက၊ အဖျက်သဘောကို အပြုသဘောဖြင့် တုံ့ပြန်နိုင်သည့် မီဒီယာလောကဆိုသော အပြိုင်စာပေအနုပညာနယ်ပယ်တို့ ထွန်းကားပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ထိန်းသိမ်းနိုင်အောင် အကျိုးပြုနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၌ တည်ဆောက်နေသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အောင်မြင်အောင် ပံ့ပိုးနိုင်သည့် မြန်မာ့လူ့ဘောင်ကြီး ထာဝရထွန်းကားစည်ပင်ရေး အကျိုးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံက မျှော်မှန်းဆောင်ရွက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးနှင့်အတူ စာပေနယ်သားများအားလုံးက တက်ကြွစွာဖြင့် အသိတရားရှိစွာ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိနေသည်ဟု ပြောလို ကြောင်း၊ ဤတာဝန်ကို ကျေပွန်ကြပါစေ၊ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ရှိနိုင်ကြပါစေ၊ ယခုကျင်းပမည့် စာပေညီလာခံကြီး၌ ဆွေးနွေး ညှိနှိုင်းမှုများ အောင်မြင်စွာ ချမှတ်ရယူနိုင်ကြပါစေဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီး

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် မြို့နယ်အသီးသီး၏ပြည်သူ့အကျိုးပြု စာပေလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) စွမ်းဆောင်ရည် အထူးဆုရရှိသည့် မြို့နယ်များအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင်ကော်မတီဝင် မနုသကျော်ဝင်း မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များက လှူဒါန်းသည့် အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင် ခံစာကို ဒိုက်ဦးမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးဝင်းမြင့် (ကောလိယ လှိုင်းယဉ်) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် စာပေရန်ပုံငွေ အစီရင်ခံစာကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်း မ တော်) ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို မိုးညှင်းမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ) ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေး အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် စာပေရန်ပုံငွေ အခြေအနေကို မြောက်ဥက္ကလာပမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးတင့်ရှိန် (မင်းကြော့ရှိန်) အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို မရမ်းကုန်းမြို့နယ်မှ ညီလာခံကိုယ်စားလှယ်ဦးကျော်စိုး (မောင်ကျေးဇူး) ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေး အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် စာပေရန်ပုံငွေအခြေအနေကို မင်္ဂလာဒုံမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစိုးပိုင် (မောင်ဆန္ဒ-လယ်ဝေး) ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို ချမ်းအေးသာစံမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ) အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား အရှုံးအနိုင်နှင့် ဒိုင်လူကြီး

ရန်ကုန် ဇူလိုင် ၁

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၉ရက်မှစတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ ယခုနှစ်ကမ္ဘာ့ဖလား ပြိုင်ပွဲ၏ ထူးခြားချက်မှာ နာမည်ကြီး အသင်းများ အကြိုဗိုလ်လုပွဲ အဆင့်သို့ တက်ရောက်လာနိုင်ခြင်းပင်ဖြစ်သည်။ ပြိုင်ပွဲမစတင်မီက ရေပန်းစားသော အသင်းများကို ကျော်လွှား၍ မထင်မှတ်သော အသင်းများ အောင်မြင်မှု ရနိုင်သည်ဟု ထင်ကြေးပေးမှုများရှိခဲ့သော်လည်း ဂါနာအသင်းနှင့် ယူကရိန်း အသင်းတို့ ပြိုင်ပွဲမှထွက်သွားရသည့်အခါ ခန့်မှန်းထင်ကြေးပေးမှုများ လွဲသွားရပြီဖြစ်သည်။ လက်ရှိ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော လေးသင်းထဲမှ မည်သည့်အသင်းပင် ဗိုလ်စွဲသည်ဖြစ်စေ အထူးတလည် အံ့အားသင့်စရာ မဟုတ်ချေ။

ဖေးဖေးမမ

ယခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ပရိသတ်ထင်မှတ်ထားသော အသင်းကြီးများ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခြင်းသည် ဘောလုံးသမားကောင်းများ ပါဝင်မှုနှင့် ခြေစွမ်းပြကစားနိုင်မှုကြောင့်သာဖြစ်သည်ဟု တစ်ထစ်ချပြော၍ မရနိုင်ပေ။ ပြိုင်ပွဲကို တာဝန်ယူကြီးကြပ်ရသည့် ဒိုင်လူကြီးများ၏ အခန်းကဏ္ဍကို ထည့်တွက်ရမည်ဖြစ်သည်။ ယခုကမ္ဘာ့ဖလားပွဲ၌ ဒိုင်လူကြီးများက မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသကဲ့သို့ နာမည်ကြီး အသင်းများကို ဖေးဖေးမမ ပြုလုပ်ပေးခဲ့ကြသည်။**ကမ္ဘာ့ဖလားပွဲ၌ တာဝန်ထမ်းဆောင်နေကြသည့် ဒိုင်လူကြီးများ၏ စွမ်းဆောင်ရည်နှင့် ဆုံးဖြတ်ချက်မှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ဘောလုံးပွဲတစ်ပွဲတွင် ပိုကောင်းသည့် အသင်းက အနိုင်ရသည်ဟူသော စကားရပ်အစား ဒိုင်လူကြီး၏ မျက်နှာသာပေးခြင်းခံရသော အသင်းက အနိုင်ရသည်ဟု ပြောင်းသုံးရမည်ကဲ့သို့ ဖြစ်နေသည်။**

ဇွန် ၃၀ ရက်ညက ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ် ပွဲစဉ်(၁) အိမ်ရှင်ဂျာမနီအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ပွဲစဉ်ကိုကြည့်ပြီး သွားသောအခါ ခြေစွမ်းကောင်းရုံ၊ ဘောလုံးသမားကောင်းများပါဝင်နေရုံဖြင့် အနိုင်မရတတ်ပါလားဟု အဖြေထုတ်မိသည်။ဂျာမနီနှင့် အာဂျင်တီးနားပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆလိုဗက်ကီးယား ဒိုင်လူကြီး လူဘို့စ်မစ်ချယ်သည် အိမ်ရှင်ဂျာမနီအသင်းကို အလေးသာစေသည့် ဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့သည်ကို ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များ တွေ့ကြရသည်။ ယခုပြိုင်ပွဲ၌ အာဂျင်တီးနားအသင်း ပွဲတိုင်းခြေမှန်ပြီး အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့သည်။ ဂျာမနီနှင့်ပွဲတွင်လည်း ပထမပိုင်း၌ အာဂျင်တီးနားအသင်း ကစားကွက်ကောင်းပြီး ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ဂျာမနီအသင်းကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။

မညီမျှမှု

ဒိုင်လူကြီးလူဘို့စ်မစ်ချယ်အနေဖြင့် ဂျာမနီအသင်းကို ပယ်နယ်တီကန်ခွင့်ပေးခြင်း၊ အာဂျင်တီးနားအသင်းမှ အားကစားသမားများကို အနီကတ်ပြ၍ ထုတ်ပယ်ခဲ့ခြင်းမျိုး မရှိခဲ့ပါဟု ဆင်ခြေပေးစရာတော့ရှိသည်။ ထိုကဲ့သို့ ပြင်းထန်သောဆုံးဖြတ်မှုမျိုးမရှိခဲ့သော်လည်း ဥပဒေအတွင်းမှ လုပ်၍ရသမျှကို အပြည့်အဝအသုံးချပြီး အိမ်ရှင်ဂျာမနီအသင်း အသာရရှိရေးအတွက် ထိန်းကျောင်းသွားသည်ဟုထင်ပါသည်။ ဂျာမနီအသင်းတစ်ဂိုးအရှုံးမှ ချေပဂိုးမရခင်အထိ ဒိုင်လူကြီးလူဘို့စ်မစ်ချယ်၏ဆုံးဖြတ်ချက်များ ဘက်လိုက်မှုရှိကြောင်း ပို၍သိသာခဲ့သည်။ နှစ်ဖက်အသင်းအား အပြစ်ဒဏ်ပေးရာ၌ မညီမျှမှုများ ရှိခဲ့သည်။

အာဂျင်တီးနားအသင်းမှ တိုက်စစ်မှူး ရိုဒရီဂွက်ဇ် ဂျာမနီဂိုးဧရိယာအတွင်း ဘောလုံးဆွဲယူလာစဉ် ဂျာမနီနောက်တန်းလူက ခြေထိုးခံ၍ ဖျက်ကစားရာ ရိုဒရီဂွက်ဇ် မှောက်လျက်သားလဲကျသွားသည်။ ဒိုင်လူကြီး လူဘို့စ်မစ်ချယ်က ခရာမှုတ်ပြီးပြေးလာရာ ပယ်နယ်တီပေးခံရပြီအထင်နှင့် ဂျာမနီကစားသမားများက စောဒကတက်ရန်ပြင်သည်။ သို့သော် ထင်သလိုမဟုတ်ပါ။ ဒိုင်လူကြီးက အာဂျင်တီးနား တိုက်စစ်မှူး ရိုဒရီဂွက်ဇ်ကို ဟန်ဆောင်ကာ ဒိုင်ဗင်ထိုးသည်ဟုဆိုကာ အဝါကတ်ပင် ပြလိုက်သေးသည်။ ဘောလုံးဆွဲလာစဉ် တစ်ဖက်လူက ခြေထိုးဖျက်ပါက မည်သည့်ကစားသမားမဆို မှောက်လျက်သား လဲကျမည်သာ ဖြစ်သည်။ ဒိုင်လူကြီး အနေဖြင့် ပယ်နယ်တီမပေးလျှင် ထားဦး၊ ရိုဒရီဂွက်ဇ်အား အဝါကတ်ပြစရာ အကြောင်းမရှိပါချေ။

မသိမသာလွှတ်ပေး

အာဂျင်တီးနား ဂိုးဧရိယာအတွင်း ဂျာမနီတိုက်စစ်မှူး ကလိုဆေး ခေါင်းတိုက်ရန် ကြိုးစားရင်း အာဂျင်တီးနားဂိုးသမားကို ဒူးနှင့်တိုက်မိ၍ ဂိုးသမား အက်ဘွန်ဒီဇီယာရီ ခါးနာသွားကာ အရန်ဂိုးသမားနှင့် လူစားလဲလိုက်ရသည်။ ကလိုဆေး၏ဒူးတိုက်ချက်ကို ဒိုင်လူကြီးမမြင်သည်လား၊ မြင်လျက်နှင့် အရေးမယူသည်လား မသိချေ။ ဂိုးသမားကို ဤကဲ့သို့ ပြင်းထန်စွာဒဏ်ရာရစေမှုအပေါ် အဝါကတ်ပြသင့်ပါသည်။ အာဂျင်တီးနားကစားသမားများက ဂျာမနီကစားသမားများကို နည်းနည်းလေးမထိနှင့် ပြစ်ဒဏ်သတ်မှတ်ပြီးသားဖြစ်နေသည်။ ဂျာမနီကစားသမားများ ပြစ်ဒဏ်လုပ်မိလျှင် မသိမသာ လွှတ်ပေးထားသည်ကို တွေ့ရသည်။ အာဂျင်တီးနားရရှိသော ပြစ်ဒဏ်ဘောများမှာ ကွင်းလယ်ပိုင်း၌သာများပြီး ဂိုးရနိုင်လောက်သည့် ဂျာမနီပယ်နယ်တီဧရိယာအနီး၌ ရလေ့မရှိပေ။ အာဂျင်တီးနားက ဘောလုံးပိုင်ဆိုင်မှု ၅၁ ရာခိုင်နှုန်း၊ ဂျာမနီက ဘောလုံးပိုင်ဆိုင်မှု ၄၉ ရာခိုင်နှုန်း ရှိခဲ့သည်။ အာဂျင်တီးနားက အဝါကတ် လေးကြိမ်ပြခံရပြီး ဂျာမနီက အဝါကတ်သုံးကြိမ် ပြခံခဲ့ရသည်။

အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့၏ ရှုံးထွက်ပွဲစဉ်တွင် အီတလီအသင်းမှ မာတာရာဇီအား စပိန်ဒိုင်လူကြီး ကန်တာလီဂျိုက ဤသို့ အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဂျာမနီအသင်းနှင့် အာဂျင်တီးနားတို့သည် ခြေကွာသောအသင်းများ မဟုတ်ကြ၍ ဒိုင်လူကြီး၏ အဆုံးအဖြတ်မှာ ပွဲအနိုင်အရှုံးကိုများစွာ အကျိုးသက်ရောက်စေခဲ့သည်။ အိမ်ရှင်ဂျာမနီနှင့်တွေ့လျှင် အနည်းဆုံး သုံးဂိုးလောက် ပြတ်ပြတ်သားသား သွင်းနိုင်မှသာအနိုင်ရမည့်သဘောဖြစ်နေသည်။ ဂျာမနီနှင့် အာဂျင်တီးနားပွဲအပြီးတွင် နှစ်ဖက်အသင်းမှ ကစားသမားများ အချင်းများခဲ့ကြ၍ အသင်းတာဝန်ရှိသူများက ဖျန်ဖြေပေးခဲ့ရသည်။

အနီကတ်ပြ

ဒိုင်လူကြီး လူဘို့စ်မစ်ချယ်သည် ယခုပွဲမတိုင်မီ ၂၀၀၆ ကမ္ဘာ့ဖလား ပွဲစဉ်များ၌ အနီကတ် နှစ်ကြိမ်၊ အဝါကတ် ၂၂ ကြိမ် ပြထားသူဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် အမှားများစွာ ကျူးလွန်ပြီး စွမ်းဆောင်ရည် ညံ့ဖျင်းသည့် ဒိုင်လူကြီး ၁၄ဦးကို အိမ်ပြန်ပို့လိုက်ပြီ ဖြစ်သော်လည်း လက်ကျန်ပွဲစဉ်များ၌ တာဝန်ယူကြမည့် ဒိုင်လူကြီးများက လည်း ဆုံးဖြတ်ချက် တစ်သမတ်တည်း မရှိကြချေ။ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ကမ္ဘာ့ဖလားပွဲမှ ဒိုင်လူကြီးများ၏ အပြစ်ပေးအရေးယူမှုများ၌ တစ်သမတ်တည်း မရှိကြောင်း ပြောကြားခဲ့သည်။ ဒိုင်လူကြီးများသည် အိမ်ရှင်ဂျာမနီ အသင်းကို ပြစ်ဒဏ်ပေးရာ၌ လျှော့ပေါ့သော ပြစ်ဒဏ်များကိုသာပေးပြီး တစ်ဖက်အသင်းကို ပြင်းထန်သည့် ပြစ်ဒဏ်များပေးသည်ကို တွေ့ရသည်။ ဂျာမနီအသင်းသည် အကြိုဗိုလ်လုပွဲရောက်သည်အထိ အနီကတ်အပြခံရခြင်း မရှိသေးပေ။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဆွီဒင်အသင်းနှင့် ဂျာမနီတို့ကစားသည့်အခါ ဆွီဒင်အသင်းမှ လူဆစ်ကို ဒိုင်လူကြီးက အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။

အင်္ဂလန်ဒိုင်လူကြီး ဂရေဟမ်ပူးလ်သည် ခရိုအေးရှားနှင့် ဩစတြေးလျပွဲစဉ်တွင် ခရိုအေးရှားမှ ဆီမြူနစ်အား အဝါကတ်သုံးကြိမ်ပြပြီးမှ အနီကတ်ပြပြီး ထုတ်ပယ်ခဲ့သည်အထိ မှားယွင်းလုပ်ဆောင်ခဲ့သည်။ ဒိုင်လူကြီး ဂရေဟမ်ပူးလ်အိမ်ပြန်ပို့ခံရသည့် ဒိုင်လူကြီးများထဲတွင် ပါဝင်ခဲ့ပြီး ယခုအခါ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးဘဝအား အပြီးအပိုင် စွန့်လွှတ်သွားပြီဟု သိရသည်။ **တောင်ကိုရီးယား ပရိသတ်များကလည်း ဆွစ်ဇာလန်နှင့်ပွဲတွင် ရသင့်သည့် ပယ်နယ်တီဂိုး မရခဲ့ခြင်းနှင့် ဆွစ်ဇာလန်အသင်းသွင်းယူသော ဂိုးမှာ လူကျွံအနေအထားမှ သွင်းယူခဲ့ခြင်းတို့ကြောင့် မကျေမနပ်ဖြစ်ပြီး ဖီဖာသို့ ဝေဖန်စာများ ရေးပို့လျက်ရှိသည်။ တောင်ကိုရီးယား ပရိသတ်များပေးပို့သည့် e-mailများထဲတွင် ပြင်းထန်သောအရေးအသားများပါဝင်၍ ဖီဖာဝက်ဘ်ဆိုက်သို့ တောင်ကိုရီးယားမှလာသော e-mail များကို ပိတ်ပင်ထားရသည်အထိ ဖြစ်နေသည်။**

ပွဲရသပျက်

ဂါနာအသင်းနည်းပြ ဂျူကိုဗစ်ကလည်း ဘရာဇီးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းမှာ ဒိုင်လူကြီး၏ ဘက်လိုက်ဆုံးဖြတ်မှုကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဘရာဇီးအသင်းသွင်းယူခဲ့သော ဂိုးများမှာ လူကျွံအနေအထားဟု အငြင်းပွယ်ဖြစ်ခဲ့၍ ဂျူကိုဗစ်က ပြောဆိုခြင်း ဖြစ်သည်။ ဘရာဇီးနှင့်ဂါနာပွဲကို တာဝန်ယူခဲ့သူမှာ ဂျာမနီနှင့် အာဂျင်တီးနားပွဲကို တာဝန်ယူခဲ့သည့် ဒိုင်လူကြီးလူဘို့စ်မစ်ချယ်ပင် ဖြစ်သည်။ ရုရှားဒိုင်လူကြီး အိုင်ဗန်နော့ဗ်သည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသည့်ပေါ်တူဂီနှင့် ဟော်လန်ပွဲကိုတာဝန်ယူခဲ့ရာအနီကတ်လေးကြိမ်နှင့် အဝါကတ် ၁၆ကြိမ်ပြခဲ့ရာ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပွဲတစ်ပွဲအတွင်း အနီကတ်စံချိန်တင်ပြမှုပင် ဖြစ်သည်။ ရုရှားဒိုင်လူကြီး အိုင်ဗန်နော့ဗ် ပွဲထိန်းပုံညံ့ဖျင်း၍ ပွဲရသပျက်ခဲ့ရသည်။ ယခုအခါ ဒိုင်လူကြီး အိုင်ဗန်နော့ဗ် အိမ်ပြန်ပို့ခြင်းခံရပြီ ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ကမ္ဘာ့ဖလားပွဲ၌ တာဝန်ထမ်းဆောင်နေကြသည့် ဒိုင်လူကြီးများအနေဖြင့် လိုသည်ထက်ပို၍ အဝါ၊ အနီပြနေခြင်းကို ဝေဖန်ပြောကြားခဲ့သည်။ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက"ကမ္ဘာ့ဖလားပွဲ၌ တာဝန်ထမ်းဆောင်ကြသည့် ဒိုင်လူကြီးများကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် ညွှန်ကြားထားသော်လည်း အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ပြိုင်ပွဲရသပျက်လောက်အောင် မလုပ်သင့်ကြောင်း၊ ရုရှားဒိုင်လူကြီး အိုင်ဗန်နော့ဗ်လုပ်ရပ်မှာ လိုသည်ထက်ပိုလွန်းသည်ဟု မြင်ကြောင်း၊ ယခုအတိုင်း ဆက်ဖြစ်နေပါက ဒိုင်လူကြီးများကိုပင် အဝါကတ်ပြသင့်ကြောင်း" ပြောကြားခဲ့သည်။ ယခုကမ္ဘာ့ဖလားပွဲ၌ ၃၂ပွဲကစားပြီးချိန်တွင် ဒိုင်လူကြီးများ ပြခဲ့သော အနီကတ် စုစုပေါင်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲများထက် များစွာမြင့်မားနေသည်ဟု မှတ်တမ်းမှတ်ရာများ၌ ဖော်ပြထားသည်။

ဒိုင်လူကြီးများသည် လူသားများပင်ဖြစ်၍ **မှားယွင်းချွတ်ချော်မှုများ ရှိတတ်သည်ကို လက်ခံရမည် ဖြစ်သည်။ သို့သော်လည်း ရိုးသားစွာ မှားယွင်းမှုနှင့် ဆန္ဒဂတိဖြင့် မှားယွင်းခြင်းကို ခွဲခြားကြည့်ရမည် ဖြစ်သည်။ ဒိုင်လူကြီးတစ်ဦးသည် မျက်လုံးနှစ်လုံးသာပါသည်ဟုဆိုသော်လည်း ယခုကမ္ဘာ့ဖလားပွဲတွင် ဒိုင်လူကြီးများ အချင်းချင်း ဆက်သွယ်နိုင်သော နားကြပ်ကိရိယာတပ်ဆင်ပေးထား၍ ဆိုးဆိုးရွားရွား မမှားသင့်ဟု ထင်ပါသည်။** ဒိုင်လူကြီးများစိတ်ထဲ၌ ဘောလုံးကွင်းထဲမှာ ငါသာဘုရင်(Field of the King)ဟု စိတ်ကြီးဝင်ပြီး ထစ်ခနဲရှိ အဝါအနီပြရန် စိတ်စောနေလျှင် ဘောလုံးပွဲရသပျက်သွားနိုင်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ပုဒ်ဖြစ်သော မျှတစွာ ကစားပါ (Fair Play)ဆိုသည်မှာ ဘောလုံးသမားများနှင့်သာမက ဒိုင်လူကြီးများနှင့်ပါ သက်ဆိုင်နေပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ - ကိုထွေး

ဒဂုံမြို့နယ် အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၁

ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏနန္ဒ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်အား အမှူးထားလျက် ဝါကပ်တော်မူကြသည့် စာချ-စာသင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဇူလိုင် ၁၀ရက် (ဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းလွဲ ၂နာရီတွင် ဝါဆိုသင်္ကန်းများကို အဆိုပါ စာသင်တိုက်၌ ကပ်လှူပူဇော်မည်ဖြစ်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၁၅၀ နှုန်းဖြင့် ဂေါပကအဖွဲ့ထံ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်တံတားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးများ အကောင်အထည်ဖော်ရေး နည်းပြသင်တန်းဖွင့်ပွဲကို ဇွန် ၂၈ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်အတွင်းရှိ အသင်းခွဲ ၁၅ ခုမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြစဉ်။ (က-ပ)

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ်သည် ဇူလိုင် ၂၊၃၊၄ ရက်တွင် ပျဉ်းမနားမြို့ ဘုရားကိုးဆူကျောင်းတိုက် မိဘကျေးဇူးဆပ်တရားပွဲ၊ ၆ရက်တွင် မုံရွာမြို့ ထန်းတောရပ်ကွက် လူငယ်အဖွဲ့တရားပွဲ၊ ၇ရက်တွင် မုံရွာမြို့နယ် မင်းအိုရွာတရားပွဲ၊ ၈ရက်တွင် ဆားလင်းကြီးမြို့နယ် ပေါင်းဝရွာတရားပွဲ၊ ၉ ရက်တွင် မန္တလေးမြို့ ၂၂/၈၈ လမ်းထောင့် အေးသုခ ဓမ္မဗိမာန်တရားပွဲ၊ ၁၄ ရက်တွင် အရာတော်မြို့ မကျည်းကန်ကျေးရွာ တည်ပင်ကျောင်းတရားပွဲ၊ ၁၅ ရက်တွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား တရားပွဲ၊ ၁၆ ရက်တွင် ရွှေဘိုမြို့ မြို့ထောင့်စေတီတော်ရိပ်သာ တရားစခန်းပွဲ၊ ၁၇ ရက်တွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား ဥပုသ်တရားပွဲ၊ ၁၉ ရက်တွင် မန္တလေးမြို့ ၁၆ လမ်းနှင့် ၈၉ လမ်းထောင့် သာသနဟိတကာရီ ဘုံဆွမ်းလောင်းအသင်း (၃)နှစ်ပြည့် တရားပွဲ၊ ၂၄ ရက်တွင် မန္တလေးမြို့ ကြံခင်းဓမ္မာရုံ တရားပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။

ကိုးဘွဲ့ရဆရာတော်အား ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃-၃၀၈၉၅၊ ၀၁-၇၀၈၄၀၃၊ ၀၇၂-၂၂၁၇၀ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။

(က-ပ)

2-7 (10).p65 1 1/4/32, 10:19 PM

ဟသ်ာတမြို့ ရွာသာကုန်းကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ စာသင်ကျောင်းများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဟသ်ာတခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဇွန် ၂၄ ရက် နံနက် ၆ နာရီခွဲက ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဟသ်ာတမြို့ ရွာသာကုန်းကျေးရွာ အမှတ်(၃၇)အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲသို့ တက်ရောက်စဉ်။ (လယ်ယာ/ဆည်မြောင်း)

ကျောင်းဆောင်သစ်ဖွင့်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိသားစုနှင့် ဟသ်ာတခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၊ ရပ်မိရပ်ဖများ စုပေါင်းဆောက်လုပ် လှူဒါန်းသည့် ဟသ်ာတမြို့ ရွာသာကုန်းကျေးရွာ အမှတ်(၃၇)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို နံနက်၇နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဟသ်ာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦးနှင့်ကျောင်း အကျိုးတော်ဆောင် ဦးလှငွေဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များက ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များသည် နတ်မော်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းသို့ရောက်ရှိပြီး ရပ်မိရပ်ဖနှင့် ကျေးရွာလူထုအား ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပညာရည်မြင့်မားတိုးတက်ရေးကိစ္စရပ်များ မှာကြားပြီး စာသင်ကျောင်းအတွက် စာရေးကိရိယာများနှင့် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟသ်ာတမြို့ ညောင်ပင်ရပ် အခြေခံပညာမူလတန်းကျောင်းသို့ အသင်းဝင်များနှင့်အတူ ရောက်ရှိကြပြီး ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ပညာသင်ကြားမှု ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးကာ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

အထွေထွေအတွင်းရေးမှူးနှင့် ဟသ်ာတခရိုင် အမှုဆောင်များ၊ အသင်းဝင်များသည် ဟသ်ာတမြို့ တာငါးဆယ်တောင် အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၈)သို့ရောက်ရှိကြပြီး ရပ်မိရပ်ဖများ၊ ကျောင်းကော်မတီဝင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် တွေ့ဆုံမှာကြားပြီး မူလတန်းကျောင်းအတွက် စာရေးကိရိယာများ လှူဒါန်းသည်။

အထွေထွေအတွင်းရေးမှူးသည် ဟသ်ာတမြို့မှ အင်္ဂပူမြို့နယ် ကျောင်းကွင်းကျေးရွာအုပ်စု တိုင်တစ်ရာကျေးရွာသို့ရောက်ရှိပြီး ဌာနနှင့်အသင်းဝင်များ၊ ဒေသခံပြည်သူလူထုများ ပူးပေါင်းတည်ဆောက်ခဲ့သော မူလတန်းကျောင်း၌ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ၊ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဇွန် ၂၈ ရက်က ထောက်ကြံ့မြို့ ၃/၁(၅)တိုးချဲ့ရပ်ကွက်နေ ဦးမောင်မာ (ပထပ–ငြိမ်း)–ဒေါ်အုန်းမြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း(ထောက်ကြံ့)သို့ ပေးအပ်လှူဒါန်းရာ အသင်းဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအော်စကာက လက်ခံယူစဉ်။ (က–ပ)

အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှုအသင်း ဩဝါဒစရိယ ဆရာတော်အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တောရတပ်ဦးကျောင်းတိုက် ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် ယောဂီဒါယကာ ဒါယိကာမတို့က အင်းစိန် စိန်ရတနာနာရေးကူညီမှု အသင်းသို့ အလှူငွေကျပ် ကိုးသိန်းလှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့် အမှုဆောင်များက လက်ခံယူစဉ်။ (က–ပ)

ကံမြင့်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဇူလိုင် ၃ ရက် နံနက် ၅ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်မည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုသော အလှူရှင်များသည် ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁

ရွှေဥမင်ဓမ္မသုခတောရရိပ်သာ (မင်္ဂလာဒုံ)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၉ ရက်(ဝါဆိုလပြည့်)တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ဓမ္မဒူတ အရှင်ဆေကိန္ဒက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် မသမာမှုနှင့် ဓာတ်အားမပျောက်ဆုံးရေး ဖိဖိစီးစီးဆောင်ရွက် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း အမြန်ပြီးအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၆–၂၀၀၇ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတို့ကို အပိုင်းနှစ်ပိုင်းခွဲခြား၍ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် မသမာမှုနှင့် ဓာတ်အားမပျောက်ဆုံးရေးတို့အတွက် ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများက လေးစားကြည်ညိုမှုရှိစေရန် မသမာမှုများပပျောက်ရေးကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ အရေးကြီးသောကဏ္ဍများအနက် လျှပ်စစ်ကဏ္ဍသည် တစ်ခုအပါအဝင်ဖြစ်၍ မိမိတို့အခန်းကဏ္ဍ တိုးတက်သည်ထက်တိုးတက်ရန် အလေးအနက်ထားဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့အပြင် ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးကို အထူးကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာများနှင့် စီမံကိန်းညွှန်ကြားရေးမှူးများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပထမနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၈ရက်တွင် ဆက်လက်ကျင်းပရာ ဓာတ်အားပေးခွဲစက်ရုံမှူးများနှင့် မဟာဓာတ်အားလိုင်းမှူးများက လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေ၊ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးခွဲရုံများမှတစ်ဆင့် ဖြန့်ဖြူးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား**

အိမ်ရှင်ဂျာမနီအသင်း ဗိုလ်စွဲရေး နှစ်ပွဲအနိုင်သာလို အီတလီက ယူကရိန်းကိုနိုင်ပြီး ဆုဖလားနှင့်နီးလာ

တင်ပြသူ
မြင့်မောင်စိုး

ဘာလင် ဇူလိုင် ၁

၂၀၀၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန်၃၀ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဂျာမနီ အသင်းက အာဂျင်တီးနားအသင်းကို ပယ်နယ်တီ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယင်းတို့နှစ်သင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။ ဒုတိယပိုင်း ပွဲစပြီး ၄၅မိနစ်တွင် ရီကွယ်မီး၏ ထောင့်ကန်ဘောမှတစ်ဆင့် ရော်ဘတ်တို အာယာလာက ဂျာမနီ နောက်ခံလူများကြားမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အာဂျင်တီးနား ဖွင့်ဆော်ဦးဂိုး ရရှိသွားသည်။

သို့ရာတွင် ပွဲပြီးရန် ၁၀မိနစ်အလိုတွင် မိုက်ကယ်ဘောလက်က အာဂျင်တီးနားဂိုးရှေ့သို့ အနေတော်ခုတ်တင်ပေးလိုက်ရာ ဘိုရောစကီးမှ ခေါင်းတိုက်ပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူး ကလိုဆေးက ထပ်ဆင့်ခေါင်းတိုက်သွင်းယူလိုက်သည်။

တော့တီ ဖြတ်ပို့လိုက်သော ဘောလုံးကို လူကာတိုနီက ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်ဘောလက်

နှစ်သင်းစလုံး တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ကစားသော်လည်း အဖြေမထွက်သဖြင့် ပယ်နယ်တီကန်ရာ ဂျာမနီက လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယင်းပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို မိုက်ကယ်ဘောလက်က ဆွတ်ခူးနိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ

အိမ်ရှင်ဂျာမနီအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် အီတလီအသင်းနှင့် ဇူလိုင်၄ရက် (အင်္ဂါနေ့)တွင် ဒေါ့မွန်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရှုံးပွဲမရှိ

အခြား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့သည် ဟမ်းဘတ်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အီတလီအသင်းသည် ယင်းပွဲတွင် အနိုင်ရလိုက်၍ ၂၃ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်ခဲ့သည်။

အီတလီအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ဇမ်ဘရော့တာက ပွဲချိန် ခြောက်မိနစ်တွင် သွင်းယူလိုက်သည်။ ယင်းနောက် အီတလီအသင်းအတွက် ဒုတိယမြောက်နှင့် တတိယမြောက်ဂိုးကို လူကာတိုနီက ပွဲချိန် ၅၉ မိနစ်တွင်လည်းကောင်း၊ ၆၉ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့သည်။ ယူကရိန်းအသင်းအတွက် ကလင်နစ်ချင်ကိုက နှစ်ကြိမ်သွင်းယူရာ ဂိုးတိုင်ထိပြီး ပြန်ထွက်လာ၍ နစ်နာခဲ့ရသည်။ ယင်းပွဲတွင် အီတလီတို့ ထိုက်တန်စွာ အောင်နိုင်ခဲ့သလို ဂိုးသမားဘတ်ဖွန်းသည်လည်း အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့သည်။ ၎င်းသည် ကလင်နစ်ချင်ကိုနှင့် ဂူဆေ့ဗ်တို့ ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။

ထိုနေ့က ရက်ဗ်ချင်ကိုသည် ခြေစွမ်းပျောက်နေပြီး အီတလီ နောက်တန်းကို ထိုးဖောက်နိုင်မှုအားနည်းသဖြင့် ယူကရိန်းတို့ဂိုးမဲ့ဖြစ်ခဲ့ရသည်။

အီတလီအသင်း ဖွင့်ဆော်ဦးဂိုး သွင်းယူသည့်ဂိုးမှာ တော့တီက ဇမ်ဘရော့တာအား ဖနောင့်နှင့် နောက်သို့ ပေါက်ထုတ်ပေးလိုက်သည့် ဘောလုံးမှတစ်ဆင့် ဇမ်ဘရော့တာက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၅၉မိနစ်တွင် တော့တီ ဘယ်တောင်ပံမှ ဖြတ်ပို့သည့် ဘောလုံးကို တိုနီက ခေါင်းတိုက်ယူခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ယူကရိန်း တိုက်စစ်မှူးများသည် အီတလီ ဂိုးသမားဘတ်ဖွန်းအား ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ရက်ဗ်ချင်ကို၏ ခေါင်းတိုက်ဂိုးနှင့် တိုင်မိုချွတ်၏ ကန်သွင်းချက်များ လွဲချော်ခဲ့သည်။

ကမ္ဘာ့ဖလား သတင်းဂယက်

အာဂျင်တီးနားအသင်းအား အနိုင်ရပြီး အောင်ပွဲခံနေသော ဂျာမနီကစားသမားများ။

(ဓာတ်ပုံ-အင်တာနက်)

ဂုတ်တူဆို

ယင်းပြိုင်ပွဲ၏ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို အီတလီအသင်းမှ ဂုတ်တူဆိုကဆွတ်ခူးရရှိခဲ့သည်။

အီတလီအသင်း ယခု အနိုင်ရမှုသည် ဒုတိယအကြိမ်မြောက် ကြီးမားသော အောင်မြင်မှုဖြစ်သည်။ ယင်းတို့ ၁၉၃၄ ခုနှစ်က အမေရိကန်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးအများဆုံး ကွာခြားချက်ဖြင့် ကမ္ဘာ့ဖလားတွင် အနိုင်ရခဲ့ဖူးသည်ဟု ဆိုသည်။

အီတလီအသင်းသည်ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲ ရှုံးထွက်အဆင့်သို့ ခုနစ်ကြိမ် တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအကြိမ်သည် ၁၉၉၄ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းဖြစ်သည်။

နှစ်ပွဲသာ

ကျင်းပလျက်ရှိသော ဂျာမနီကမ္ဘာ့ဖလားတွင် အိမ်ရှင် ဂျာမနီအသင်းက ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးနိုင်ရန်မှာ နှစ်ပွဲသာ လိုတော့သည်။ ။

(အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းများ

စုစည်းတင်ဆက်သူ-မောင်မောင်မြင့်ဆွေ

ဘာလင် ဇူလိုင် ၁

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသည် ကွာတားပိုင်နယ်ပွဲစဉ်များပြီးဆုံး၍ အကြိုဗိုလ်လုပွဲများကစားရန်အထိ ခရီးရောက်လာခဲ့ပြီဖြစ်သည်။ ကွာတားဖိုင်နယ်တွင် ကစားခဲ့သော ဘောလုံးအသင်းများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

အာဂျင်တီးနားနည်းပြ ပီကာမင် နုတ်ထွက်မည်

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်ဂျာမနီအသင်းနှင့် ကစားခဲ့ရာတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အာဂျင်တီးနားအသင်းနည်းပြအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အာဂျင်တီးနားနည်းပြ ဂျို့စ်ပီကာမင်က ပြောကြားလိုက်သည်။

မိမိတို့၏ ကမ္ဘာ့ဖလားခရီးစဉ်အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကြုံလာမည်ကို မိမိမမျှော်လင့်ခဲ့ကြောင်း၊ အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲအထိ အရောက်မပို့နိုင်ခဲ့သည့်အတွက် ပရိသတ်နှင့် ဘောလုံးသမားများအား မိမိစိတ်မကောင်းဖြစ်ရကြောင်း၊ ထို့ကြောင့် နည်းပြအဖြစ်မှ မိမိနုတ်ထွက်မည်ဖြစ်ကြောင်း ဂျို့စ်ပီကာမင်က ပြောကြားသည်။

ဂျာမနီနှင့် ကစားရသည့် ကွာတားဖိုင်နယ်ပွဲသည် စိတ်လှုပ်ရှားစရာ အကောင်းဆုံးပွဲ ဖြစ်ခဲ့ကြောင်း၊ မိမိတို့ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ထပ်မံရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ကြောင်း အသက် ၅၆နှစ် အရွယ်ရှိ ပီကာမင်ကပြောကြားသည်။ ပီကာမင်သည် ၂၀၀၄ခုနှစ်မှ စတင်ကာ အာဂျင်တီးနားအသင်းနည်းပြ တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဂျာမနီနှင့် အာဂျင်တီးနားဘောလုံးသမားများ ပြဿနာတက်

ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သော ဂျာမနီဘောလုံးသမားများနှင့် အာဂျင်တီးနားဘောလုံးသမားများ ပြဿနာတက်ခဲ့ကြသည်။ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းခဲ့ကြပြီး ကွင်းထဲမှ ပြန်ထွက်စဉ် နှစ်ဖက်ဘောလုံးသမားများ တွန်းထိုးမှုနှင့် ကန်ကျောက်မှုများ ဖြစ်ပွားခဲ့သဖြင့် တာဝန်ရှိသူများက အချိန်မီတားဆီးနိုင်ခဲ့ကြသည်။

အာဂျင်တီးနားဘောလုံးသမားများက ရေဘူးများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ဂျာမနီကွင်းလယ်ဘောလုံးသမား တောစတင်ဖရင်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး "ရှုံးနိမ့်သူတို့ရဲ့ အဆိုးရွားဆုံးအပြုအမူ"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ပြစ်ဒဏ်များပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျာမနီနှင့် အာဂျင်တီးနားဘောလုံးသမားများ အချင်းများခဲ့စဉ်။

အကောင်းဆုံးပွဲဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ပြောကြား

ကွာတားဖိုင်နယ်ပွဲအဖြစ် ဂျာမနီနှင့်အာဂျင်တီးနားတို့ပြိုင်ပွဲသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကစားပြီးသမျှပွဲများတွင် အကောင်းဆုံးဖြစ်ကြောင်း ပြောကြားလိုက်သည်။

နှစ်ဖက်အသင်းသားများ အနိုင်ရရှိရေး အားသွန်ကြိုးစား ကစားနေချိန်တွင် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အချို့ကို မိမိမကြိုက်ကြောင်း၊ အားနည်းမှုနှင့် ချို့ယွင်းမှုများရှိနေသည်ကို တွေ့ရကြောင်း ၎င်းက ပြောကြားသည်။ ကျန်ရှိနေသည့် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ၌ ဒိုင်လူကြီးများနှင့် ပတ်သက်သည့် စည်းကမ်းများကိုနားလည်အောင်ခေါ်ယူဆွေးနွေးမည်ဖြစ်ကြောင်းပြောကြားသည်။

အီတလီအသင်း ထိုက်ထိုက်တန်တန် နိုင်ခဲ့ခြင်းဖြစ်

ကွာတားဖိုင်နယ်အဖြစ် ယူကရိန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော အီတလီအသင်းသည် ထိုက်ထိုက်တန်တန်ဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်ဟု အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားသုံးကြိမ်ရရှိခဲ့ဖူးသော အီတလီအသင်းသည် ယခုနှစ်တွင်ဖလားအရမယူနိုင်ဟု ထင်ကြေးပေးနေမှုကို ချေဖျက်နိုင်မည်ဖြစ်ကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြားလိုက်သည်။

မိုက်ကယ်ဘောလက် ပွဲစဉ်အလိုက် အကောင်းဆုံးရရှိ

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီနှင့် အာဂျင်တီးနားတို့ပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘောလက် ရရှိသွားသည်။ မိုက်ကယ်ဘောလက်သည် အသက် ၂၉ နှစ်ရှိပြီး နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ၌ ဂိုးပေါင်း ၃၁ ဂိုးသွင်းထားသူဖြစ်သည်။ ထို့အတူ အီတလီနှင့် ယူကရိန်းတို့၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အီတလီ ကွင်းလယ်ကစားသမား ဂတ်တူဆိုက ရရှိသွားသည်။

အင်္ဂလန်ပရိသတ်အများဆုံး

ဂျာမနီတွင် ကျင်းပသည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ပြည်ပမှ လာရောက်ကြည့်သူပရိသတ်များအနက် အင်္ဂလန်ဘောလုံးပရိသတ်အများဆုံး ဖြစ်ကြောင်း သိရသည်။ ဂျာမနီနိုင်ငံသို့ အင်္ဂလန်ပရိသတ် စုစုပေါင်း ၇၀၀၀၀ ကျော်လာရောက်ကြည့်ရှုခဲ့ကြသည်။ ထို့အတူ ဘောလုံးပွဲပရိသတ်များ ဆူပူမှုပြဿနာဖြစ်မှုကြောင့် ထိန်းသိမ်းခံရသည်မှာလည်း အင်္ဂလန် ဘောလုံးပရိသတ် အများဆုံးဖြစ်သည်။

မီးလောင်နေသော နေအိမ်မှ ရုပ်မြင်သံကြားကိုသာ အရယူဆောင်သူ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နေအိမ်မီးလောင်စဉ် ကလေးငယ်ကို လွတ်ရာသို့ ပွေ့ချီမပြေးဘဲ ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ရန် ရုပ်မြင်သံကြားကိုသာ အရယူဆောင်ခဲ့သူကြောင့် ဇနီးဖြစ်သူ ဒေါသထွက်ခဲ့ရကြောင်းသိရသည်။

ဇွန် ၂၇ရက်က ပြင်သစ်နှင့် စပိန်အသင်းတို့ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ် ကစားချိန်တွင် နေအိမ်မီးလောင်ရာ မိမိကလေးငယ်ထက် ဘောလုံးပွဲကြည့်ရန် ရုပ်မြင်သံကြားကိုသာ အရယူဆောင်သူ တရုတ်အမျိုးသားတစ်ဦးကို ပေကျင်းထုတ် ဒေးလီမက်ဆင်ဂျာသတင်း၌ ဖော်ပြထားသည်။

- **ဂျာမနီအသင်း နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ပြီး ကမ္ဘာ့ဖလားရယူမည်ဟု ရေပန်းစားမှု တစ်ရှိန်ထိုးတက်လာ။**
- **ကမ္ဘာ့အကောင်းဆုံး လူငယ်ဘောလုံးသမားဆုအတွက် ယူကရိန်းမှလေးဦး၊ အင်္ဂလန်မှ လေးဦး၊ အာဂျင်တီးနားမှ နှစ်ဦးနှင့် ပေါ်တူဂီမှ တစ်ဦး ပဏာမစာရင်း၌ ပါရှိနေ။**

(အင်တာနက်)

LOLANE HAIR & SKIN CARE အတွက် ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

LOLANE HAIR & SKIN CARE တွင် တာဝန်ထမ်းဆောင်ရန်အတွက် လုပ်ငန်းအတွေ့အကြုံရှိပြီး အလှကုန်ပစ္စည်းအား စိတ်ဝင်စားသူ၊ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိ၍ တက်ကြွသွက်လက်ဖျတ်လတ်သူ၊ အလုပ်ကို အထူးကြိုးစားလိုစိတ်ရှိသူများ အောက်ပါ အလုပ်နေရာများအတွက် လျှောက်ထားနိုင်ပါသည်။

၁။ **Sale & Marketing Manager** **(ကျား/မ ၁-ဦး)**
ဘွဲ့ရ၊ အလှကုန်ပစ္စည်း ဖြန့်ဖြူးရေးလုပ်ငန်းအတွေ့အကြုံရှိသူ၊ လုပ်ငန်းတစ်ခုလုံးကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်နိုင်ပြီး၊ Marketing ကျွမ်းကျင်၍ အင်္ဂလိပ်စာ အရေးအဖတ်အပြော နိုင်ငံတကာနှင့်ဆက်သွယ်လုပ်ငန်း Computer, IT Knowledge/ Team Work Building/Leadership Ability ရှိသူ၊ အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိပြီး အသက် (၃၀-၄၀)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

၂။ **Assistant Marketing Manager** **(ကျား/မ ၁-ဦး)**
ဘွဲ့ရ၊ အလှကုန်ပစ္စည်းဖြန့်ဖြူးရေးလုပ်ငန်း အတွေ့အကြုံရှိပြီး Marketing လုပ်ငန်းများကျွမ်းကျင်သူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော၊ Computer, IT Knowledge/Team Work Building ရှိသူ၊ အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီး အသက်(၂၅-၃၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။ နယ်သို့သွားလာနိုင်ရမည်။

၃။ **Administration Manager** **(ကျား ၁-ဦး)**
ဘွဲ့ရ၊ ကုမ္ပဏီလုပ်ငန်းများ ချောမောစွာလည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ယူညှိနှိုင်းဆောင်ရွက်ပေးနိုင်သူ၊ Export & Import Marketing လုပ်ငန်းများ၊ အင်္ဂလိပ်စာ အရေးအဖတ်အပြော နိုင်ငံတကာနှင့်ဆက်သွယ်လုပ်ငန်း Computer, IT Knowledge/Team Work Building/ Leadership Ability ရှိသူ၊ စီမံခန့်ခွဲရေးအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီး အသက်(၄၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။

၄။ **Human Resource (HR)** **(ကျား/မ ၁-ဦး)**
ဘွဲ့ရ၊ (DMA/MBA/MPA/BBA/HRM) ရရှိသူ၊ အင်္ဂလိပ်စာ အရေးအဖတ်အပြော ကျွမ်းကျင်သူ၊ လုပ်ငန်းအောင်မြင်မှုရရှိနိုင်စေရန် ဆောင်ရွက်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် အတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိပြီး ဝန်ထမ်းအုပ်ချုပ်မှုနှင့် ပြင်ပဌာနဆိုင်ရာများနှင့် ဆက်ဆံရာတွင် ကောင်းမွန်သူဖြစ်ရမည်။

၅။ **Secretary** **(၁-ဦး)**
ဘွဲ့ရ၊ Computer, Fax, E-mail, Internet နားလည်ကျွမ်းကျင်၍ အင်္ဂလိပ်စာ အရေးအဖတ်အပြော ကျွမ်းကျင်ပြီး Filling/ Documents တို့ကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်သူ၊ ရုပ်ရည်သန့်ပြန့်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိသူဖြစ်ရမည်။

၆။ **Hair Care & Sking Care Technician** **(ကျား/မ ၃-ဦး)**
အင်္ဂလိပ်စာ အရေး၊ အပြော အသင့်အတင့်ရှိ၍ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်သူ၊ သွက်လက်ချက်ချာသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီး ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။

၇။ **Assistant Technician** **(မ ၄-ဦး)**
အင်္ဂလိပ်စာ အရေး၊ အပြော အသင့်အတင့်ရှိ၍ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်သူ၊ သွက်လက်ချက်ချာသူ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိပြီး လျှော်/သစ်/ပေါင်း/ဆေးဆိုးခြင်းတို့ကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။

၈။ **Showroom Manager** **(မ ၂-ဦး)**
ဘွဲ့ရ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော တတ်ကျွမ်းသူ၊ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်သူ၊ သွက်လက်ချက်ချာပြီး၊ လုပ်ငန်းတစ်ခုလုံးကို တာဝန်ယူစီမံခန့်ခွဲအုပ်ချုပ်နိုင်ပြီး အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိ၍ အသက် (၃၀-၄၀)နှစ်အတွင်း ရှိသူဖြစ်ရမည်။

၉။ **Computer Operator** **(ကျား/မ ၂-ဦး)**
ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ Point of Sales(POS) Software သုံးစွဲတတ်သူ၊ Digital Camera အသုံးပြု၍ Hair & Style အသုံးပြုတတ်သူ ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့် ဆက်ဆံရေးကောင်းမွန် သွက်လက်ချက်ချာပြီး အသက်(၁၈-၂၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။

၁၀။ **Promoter** **(မ ၇-ဦး)**
အလှကုန်ပစ္စည်းအတွေ့အကြုံရှိသူ၊ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးကောင်းမွန်သူ၊ သွက်လက်ချက်ချာသူ၊ အရပ်အမြင့် ၅ပေ ၅လက်မ ရှိသူ၊ အသက်(၁၈-၂၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။ နယ်မှလာသူများ အဆောင်ပေးမည်။

၁၁။ **Translator** **(ကျား/မ ၁-ဦး)**
ထိုင်းစကားပြောကျွမ်းကျင်၍ အင်္ဂလိပ်စကားပြောအသင့်အတင့်ရှိပြီး Cosmetic အား စိတ်ဝင်စားသူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်ပြီး သွက်လက်ချက်ချာသူဖြစ်ရမည်။

၁၂။ **ကြော်ငြာ Media လုပ်ငန်းကျွမ်းကျင်သူ** **(ကျား/မ ၁-ဦး)**
ဘွဲ့ရ၊ In Door, Out Door, Billboard, Sticker, Brand Promotion ရုပ်သံနှင့်စာနယ်ဇင်းကြော်ငြာစသည့် ကြော်ငြာနှင့်ပတ်သက်သည့် လုပ်ငန်းများတွင် ကိုယ်ပိုင်အတွေးအခေါ်၊ အမြင်(Idea)ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး Computer, IT Knowledge ရှိသူ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်အပြော အသင့်အတင့်တတ်ကျွမ်း၍ ကြော်ငြာနှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိပြီး အသက်(၃၀)နှစ်အတွင်း ရှိသူဖြစ်ရမည်။

၁၃။ **Factory Manager** **(ကျား ၁-ဦး)**
ဘွဲ့ရ၊ ငါး/ပုစွန် အအေးခန်းစက်ရုံတစ်ခုလုံးကို စီမံခန့်ခွဲအုပ်ချုပ်နိုင်ပြီး လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။ Processing Plant ကို ကျွမ်းကျင်စွာ တာဝန်ယူစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရမည်။ Computer, IT Knowledge/Team Work Building/Leadership Ability ရှိပြီး အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။ လုပ်ငန်းအထူးကျွမ်းကျင်သူကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းနားလည်ပြီး အရည်အချင်းရှိသူ၊ အတွေ့အကြုံရှိသူအပေါ် မူတည်၍ ပညာရေး၊ ဘွဲ့လျှော့ပေါ့စဉ်းစားပေးမည်။ လျှောက်ထားသူသည် ကြော်ငြာပါပြီး ၁၀ရက်အတွင်း ကိုယ်ရေးရာဇဝင်အကျဉ်း၊ မကြာသေးမီက ရိုက်ကူးထားသည့် Color ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းနှင့်ရပ်ကွက်ထောက်ခံချက်၊ လုပ်ငန်းအတွေ့အကြုံ ထောက်ခံစာမိတ္တူများနှင့်အတူ အောက်ဖော်ပြပါ လိပ်စာသို့ ပေးပို့ လျှောက်ထားနိုင်ပါသည်။ အလုပ်ကို အမှန်တကယ်တတ်ကျွမ်းနားလည်ပြီး စီမံခန့်ခွဲလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။ ပညာသင်နေဆဲ၊ သင်တန်းတက်နေဆဲ ကျောင်းသား/ကျောင်းသူများ လျှောက်ထားရန် မလိုပါ။ လိုအပ်ပါက ကုမ္ပဏီနှင့်သက်ဆိုင်သော သင်တန်းများ ပေးမည်။ နယ်ဝေးမှ လာသူများ အဆောင်ပေးမည်။

ဆက်သွယ်ရန်လိပ်စာ – LOLANE COMPLEX၊ အမှတ်၃၈၊ ၆၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 294045, 290170, 291318, 294002 (ချောစု)၊ စာတိုက်သေတ္တာအမှတ်-၁၆၂။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါဆိုလဆန်း ရရက်

(ဥပုသ်နေ့)

၂-၇-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၁:၅၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **"မေတ္တာစစ်၏ ပြတင်းပေါက်များ"** ရန်အောင်၊ နေမျိုးအောင်၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၁၃:၅၀ ၆။ အတီးပြိုင်ပွဲ
၁၄:၀၀ ၇။ ကျောက်ကြီးပေါက်တံတား
၁၄:၀၅ ၈။ အကပြိုင်ပွဲ
၁၄:၁၀ ၉။ **"အလံလေးတော့ကိုင်ပြပါ"** ဖွဲ့နိုင်ဝင်း၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၂၀ ၁၀။ အဆိုပြိုင်ပွဲ
၁၄:၃၀ ၁၁။ ရေလှောင်တမံရဲနွယ်
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၆:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၁၆:၅၀ ၅။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၀၀ ၆။ စွမ်းဆောင်ရည်မြင့်မား မြန်မာ အမျိုးသမီးများ (အပိုင်း-၂)
၁၇:၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၂၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ သီရိဂေဟာ
၁၉:၀၀ ၁၁။ Discovery
၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၁၀)
၁၃။ ပြည်တွင်းသတင်းများ
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာရုပ်ရှင် **"အမေ့နို့ဖိုး"** (အပိုင်း-၂) ကျော်သူ၊ မင်းမော်ကွန်း၊ ဇော်ဦး၊ထွန်းအိန္ဒြာဗို၊ ဆုပန်ထွာ (ဒါရိုက်တာ-ကျော်သူ)
၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာပွားများခြင်း တရားတော်

မင်္ဂလာရာမပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာနနာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရ ဦးစီး၍ စာချစာသင် သံဃာတော်အပါး ၂၅၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်၁ရက် (ဇူလိုင်၁၀ရက်) တနင်္လာနေ့ ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ ဖုန်း- ၃၉၂၅၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ်၂၅၄နေ
ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး(မခင်အေးစတိုး)တို့၏သား
မအိမွန်ဇော်၏အစ်ကို

မောင်ဇေယျာဦး B.Sc(Maths)
Managing Director
Spirits Construction & TMH Home Decoration Group

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်၁၀၊ အခန်း၁၃နေ
ဦးဘိုကျော်(ဗဟန်းမြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)-
ဒေါ်မေမြတ်မွန်တို့၏သမီးငယ်

မသဲမွန်ထွေး B.A(Business Management)
Director
Spirits Construction & TMH Home Decoration Group

တို့၏ ၁-၇-၂၀၀၆ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel လသာခန်းမ၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မာလာအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာဇော်ဝင်းနှင့်ဇနီး ဒေါက်တာနွယ်သီဂီ၊ ပေါ်ပြူလာဂျာနယ်မှ အယ်ဒီတာချုပ် ဦးဟိန်းလတ်နှင့်ဇနီး ဒေါ်သီရိခင်အားလည်းကောင်း၊ ရန်ကုန်မြို့ Sedona Hotel, Grand Ball Room တွင် ၁-၇-၂၀၀၆ရက် မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ဇင်ယော်(လေ)နှင့်ဇနီး ဒေါက်တာခင်သီရိအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော Air Bagan မှ Managing Director ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ဥမ္မာဆွေအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၏ဇနီး ဒေါ်သက်သက်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၏ဇနီး ဒေါ်ထွေးရီ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်၊ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော မဇင်မွန်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မအိမွန်ဇော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မအိသန္တာဖြူ၊ သတို့သားအရံ မောင်ပြည့်မိုးနှင့် မောင်ဟိန်းကိုကိုအောင်၊ သတို့သမီးအရံ မအေးနှင်းဖြူနှင့် မအေးနန္ဒာ၊ မေတ္တာဖြင့် မင်္ဂလာဖိတ်စာ Design ဖန်တီးပေးသော ပန်းချီမောင်မောင်လှမြင့်နှင့် ဇနီးအန်တီတူး၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုပြည်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးသော ကိုလင်းလင်း၊ မင်္ဂလာ လက်ဝတ်ရတနာဆင်မြန်းပေးသော ပွင့်ဖြူရတနာအားလည်းကောင်း၊ မေတ္တာဖြင့် Vinyl ဓာတ်ပုံများဆင်မြန်းပေးသော Real Life မှ ကိုသက်လွင်ရွှေနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Emperor တေးဂီတအဖွဲ့သားများ၊ ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံအလှရိုက်ကူးပေးသော ဝဏ္ဏစွာနီးနှင့်အဖွဲ့သားများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဦးဇော်မိုးထွန်းနှင့် ဒေါ်အိအိတင်(Emily)၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာဦး-မသဲမွန်ထွေး။

ဇွန် ၂၆ ရက်က အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် ဆယ်အိမ်စုမှူးများ အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို စောရန်ပိုင် အရှေ့ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အုံးမြင့်က အမှာစကား ပြောကြားစဉ်။ (က-ပ)

ဤဖုန်းနံပါတ်ကိုသာဆက်သွယ်ပါ

ဇွန်လ ၃၀ ရက်ထုတ် ကုမုဒြာဂျာနယ် အမှတ် ၂၂၆၊ စာ-၁တွင် ဖော်ပြသော လူငယ်ပေမယ့် စေတနာမငယ်ကြ သတင်း၏ စာအဆက် စာ-၁၉ ရှိ Hope Centre ဖုန်းနံပါတ်- ၅၅၄၂၉၄ အစား ၅၅၄၂၉၇ ကိုသာ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံပါသည်။ **ကုမုဒြာဂျာနယ်။**

❒ ကျောဖုံးမှ

ပယ်နယ်တီ ကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် ပေါ်တူဂီအသင်းက သုံးဂိုးဝင်ပြီး အင်္ဂလန်အသင်းက တစ်ဂိုးသာဝင်သဖြင့် ပေါ်တူဂီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပယ်နယ်တီကန်

ပယ်နယ်တီ ကန်သွင်းရာတွင် ပေါ်တူဂီအသင်းမှ ဆီမာအို၊ ပိုစတီဂါ နှင့် စီရိုနယ်ဒိုတို့ ဂိုးဝင်အောင် ကန်သွင်းနိုင်ပြီး ဟူဂိုဗီယာနာနှင့် ပီတစ်တို့ ဂိုးမဝင်ခဲ့ချေ။

အင်္ဂလန်အသင်းမှ ဟားဂရေ့ဗ်တစ်ဦးသာ ဂိုးဝင်အောင် ကန်သွင်းနိုင်ပြီး လမ်းပတ်၊ ဂျရတ်နှင့် ကာရေဂါတို့ ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ကြချေ။ **(မြန်မာ့အလင်း)**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်ပလာဇာရှိ ဘီ(၁၁-၁၁)နေ ဦးကြည်သိန်း(AC-၀၄၆၄၇၉)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ် ၄/၄၉၆ ဖြင့် တစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်ပြီး မြန်မာနိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ကုန်အမှတ်တံဆိပ်အမှတ်အသားမှာ

အကောင်းစား
အုန်း ပင်
မှတ်ပုံတင်ပြီး အထွန်းခံဖယောင်း ၄/၄၉၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ဈေးကွက်တွင် ဆင်တူယိုးမှား ပြုလုပ်၍လည်းကောင်း၊ အတုအပပြုလုပ်၍ လည်းကောင်း ရောင်းချနေကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ဦးကြည်သိန်း၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ တစ်နည်းနည်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျှင် သို့မဟုတ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိလျှင် တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဆွေ **B.A(Law); LL.B**
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၄၀၀)
အမှတ်-၁၇၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဓမ္မစကြာတရားပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်းဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နှစ်ဖက်လှ ကမ္မဋ္ဌာန်းရိပ်သာတို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရ ဓမ္မာစရိယ)က (၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့) တနင်္ဂနွေနေ့တွင် ဓမ္မစကြာတရား ဟောကြားပြီး စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကင်းပဋ္ဌာနိကာယကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့ ဘူတာရုံလမ်းရှိ ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ကြီး၌ ယခုနှစ် ဝါဆိုတော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချစာသင် အရှင်မြတ် ၃၀၆ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို(၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော်၁ရက်) ဇူလိုင် ၁၀ ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ပဋ္ဌာနိကာယ ဓမ္မသဘင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ သင်္ကန်းဒွိစုံ၊ထီး၊ဖိနပ်တို့ကို ကျောင်းတိုက်ရှိပဋ္ဌာနိကာယ သာသနာ့နုဂ္ဂဟအဖွဲ့ထံမှ ဝယ်ယူကုသိုလ် ဒါနပြုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်အာရောဂျပေါင်းကူးစကြံလမ်း အလှူရှင်များ စုပေါင်းရေစက်ချပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီက အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိစာသင်တိုက် အနုနာယက ဆရာတော်ဘဒ္ဒန္တဓမ္မသီရိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က-ပ)

ဇွန်၂၆ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလှိုင်က ကိုယ်လက်အင်္ဂါ မသန်စွမ်းသော ကလေးငယ်၁ဦးအား ပညာသင်စရိတ်ငွေ ထောက်ပံ့ပေးအပ်စဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် အမှတ် ၈၅ ရန်ကုန်အင်းစိန်လမ်း သုခလမ်းထိပ် လှိုင်မြို့နယ်နေ ကွယ်လွန်သူဖခင်ကြီးအား ရည်စူး၍ ဒေါ်အေးတင်နှင့် သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ် ၁၅၀၀၀၀ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁

ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ယခင်အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီး ခုနစ်ပါးနှင့် ထပ်မံတင်မြှောက်သည့်အင်းစိန် ဝါခင်းတောင် ကျောင်းတိုက်ပဓာန နာယက ဘဒ္ဒန္တစန္ဒောဘာသ၊ တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ ပဓာန နာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ (ပန်းတစ်ပွင့်တောင် ဆရာတော်) အပါအဝင် ဆရာတော်ကြီးကိုးပါးအား ၁၁ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင်၂ရက် (ဝါဆိုလဆန်း၈ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့ ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက် ဖုန်း-၆၄၀၂၆၇၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၆)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဒေသခံတိုင်းရင်းသူငယ်ရွယ်များနှင့်တွေ့ဆုံစကားဝိုင်းဖွဲ့ဆွေးနွေး

တာချီလိတ် ဇွန် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် တာချီလိတ်ခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့သည် ဇွန်၁၀ရက် မွန်းလွဲ ၂နာရီက တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံတိုင်းရင်းသူငယ်ရွယ်များနှင့် တွေ့ဆုံ၍ စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိန်းနှင့် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သူသူမင်းစံတို့က အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ အမျိုးသမီးငယ်ရွယ်သူများယဉ်ကျေးမှုနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောပြီးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မွန် ဇွန် ၁၄ရက်က စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု နွယ်ရုံကျေးရွာအနီးရှိ လယ်မြေဧက ၄၀၀ခန့်ကို ရေသိုလှောင်စိုက်ပျိုးနိုင်မည့် ကပျိုကန် ပြန်လည်တူးဖော်မွမ်းမံဆောင်ရွက်ထားရှိမှုများကိုကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန်၁၁ရက်က မြို့ပတ်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံတွင် ပန်းအလှပင်များစိုက်ပျိုးနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၇)ရက်
၃-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းလုပ်ငန်းရှင်များ အသင်းအကြောင်း)
- ၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာ တချို့-သိပ္ပံမှူးတင်)
- ၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂:၂၅ အားကစားသတင်းပဒေသာ
- ၁၂:၃၅ သီချင်းကြီး ပဒေသာ
  - (၁) ဥတေန(ကြိုး)-ဇာနည်မော်
  - (၂) ဘုန်းထူးဝေဆာသီချင်းခန့်(ကြိုး)-ဦးဘခိုင်
  - (၃) ဗဟိုမြွက်သံ(ပတ်ပျိုး)-ခင်ညွန့်ရီ

ညနေပိုင်း

- ၁၆:၁၀ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ဟောပြောချက် (အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့-သပြေနု)
- ၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
- ၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (နဝရတ်ကိုးပါး ဂုဏ်စွမ်းအား) အောင်ဇေယျာမင်း(တိုင်းရင်းဆေးသမားတော်)
- ၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉:၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (မန္တလေးတိုင်းမှ မောင်ဝဏ္ဏထွန်းနှင့် စစ်ကိုင်းတိုင်းမှမောင်ဇော်မင်းဆိုင်းအဖွဲ့)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အိပ်၍မပျော်သောညများ
  - (၂) ခွင့်လွှတ်ခဲ့သော်လည်း
  - (၃) သဲကြီးမဲကြီး

မကွေးမြို့ မူလတန်းလွန်ကျောင်း စက်ရေတွင်းဖွင့်

မကွေး ဇွန် ၈

မကွေးမြို့အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ ရက်က အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးကျော်လွင်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုးနှင့် ဆရာ ဆရာမများ၊ အလှူရှင် ဦးထွန်းထွန်းဦး-ဒေါ်ငြိမ်းချမ်းအေးမိသားစုနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုးက ကျေးဇူးတင်စကားပြောကြားကာ စက်ရေတွင်းကို လက်ထောက်ပညာရေးမှူး ဦးမောင်မောင်သိန်းနှင့်အလှူရှင် ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကလေးမြို့နယ်၌ စီမံကိန်းတာဝန်များ ပေးအပ်

ကလေး ဇွန် ၂၀

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက် မွန်းလွဲ၁နာရီက ကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နေရပ္ပဒ္ဓရာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ အတွင်းရေးမှူး ဦးလွင်မိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု(၄၆) အုပ်စုမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလွင်မိုးက ဆောင်ရွက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေက ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းတာဝန်များအား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသောရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများကို ၂၀၀၆-၂၀၀၇ခုနှစ် ကဏ္ဍအလိုက် စီမံကိန်းတာဝန်များ ပေးအပ်လိုက်ကြောင်း သိရသည်။

(အောက်ပုံ)(၄၁၇)

အမြို့မြို့ အနယ်နယ် သတင်းများ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်း

မိုင်းဖြတ် ဇွန် ၁၄

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်နှင့်အဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းက မိုင်းယောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့်အသင်းဝင်များ မြို့နယ်ခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။

ပြောကြား

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်က ပြည်နယ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကိုရှင်းလင်းပြီးရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က မြို့နယ်၏ဆောင်ရွက်မှုလုပ်ငန်းများကိုတင်ပြသည်။ထို့နောက် တက်ရောက်လာကြသောအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဝါးခယ်မ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်

ဝါးခယ်မ ဇွန် ၂၅

ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ရေးကို စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ရက်အထိနှစ်လက်မစက်ရေတွင်းခြောက်တွင်းကို တူးဖော်ဆောင်ရွက်ပြီးစီးခဲ့ပြီးဆက်လက်၍တူးဖော်ဆောင်ရွက်သည်။

ဝါးခယ်မမြို့၌ သန့်ရှင်းစင်ကြယ်သော ရေကောင်းရေသန့်များ ရရှိနိုင်ရေးအတွက် စက်ရေတွင်းများနှင့် ရေလှောင်ကန်များ ဆောင်ရွက်နေမှုလုပ်ငန်းများကို ဇွန်၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့်အဖွဲ့ဝင်များ၊ ရေကောင်းရေသန့်ရရှိရေး လုပ်ငန်းကော်မတီဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက မြို့ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြို့ပေါ်ရပ်ကွက်နေ ပြည်သူများအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးနိုင်မှုကြောင့် တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေရရှိမည် ဖြစ်သည်။

စက်ရေတွင်းများမှာ အနက်ပေ၇၀၀ ရှိပြီး တစ်နာရီတွင် ရေဂါလန် ၁၁၀၀ နှုန်းထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

2-7 (15).p65 1 1/4/32, 10:19 PM

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရန်အတွက် ဇွန် ၂၅ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်းဦးဘဟန်လမ်းသွယ် အမှတ်(၁၈-ယ/၂)နေ ဦးကျော်စိန်သိန်းနှင့် သားသမီးများ၊ ဦးဉာဏ်ဝင်း-ဒေါ်သန္တာအေး၊ ဦးကိုကိုအောင်-ဒေါ်မြမြသန်း၊ ဒေါက်တာဆွေဆွေမြင့်၊ မြေးမွေးမြစ်မိုအောင်၊ သံလွင်အောင်၊ မိုးမစစ်မိုအောင် (ကေဝိုင်ကေရေခဲမုန့်)မိသားစုက ဒေါ်ခင်မြဆွေအား ရည်စူး၍ ကျောင်းအလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အရှင်ရာဇိန္ဒ(နာလန္ဒာတက္ကသိုလ်)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသမီးအားကစားစွမ်းရည်ပြပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇွန် ၂၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးအားကစား စွမ်းရည်ပြပွဲကို ဇွန် ၂၀ရက် နံနက်၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

စွမ်းရည်ပြသ

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဂူရှူး၊ သိုင်း၊ ကိုယ်ကာယ ကြံ့ခိုင်မှု (အေးရိုးဗစ်)ဆပ်ကော်မတီမှ အမျိုးသမီးအားကစားသမားများက တစ်ဦးချင်းနှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ အုပ်စုအလိုက် ဂူရှူး၊ သိုင်း၊ အေရိုးဗစ် စွမ်းရည်များ ပြသကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ စွမ်းရည်ပြသကြသည့် အမျိုးသမီးအားကစားသမားများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင် **(အောက်ပုံ)** နှင့် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နွယ်နီဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၏ဇနီး ဒေါ်မိငယ်ငယ်ထွန်းတို့က ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ပခုက္ကူ ဇွန် ၂၇

မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးမျိုးပြန့်ပွား အထွက်နှုန်းတိုးရေးအတွက် မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏စီစဉ်မှုဖြင့် ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်းနှင့် ဝန်ထမ်းများက မန္တလေးတိုင်း ငါးလုပ်ငန်းစခန်း(၁)မှ ငါးမှုန်သိန်း၆၀၊ ငါးသန် ၂၁သမ၅သိန်းတို့ကို ဇွန်၂၂ ရက်က ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်လွှတ်ပေးခဲ့ကြသည်။**(ယာပုံ)**

ပါဝင်ဆောင်ရွက်

အလားတူ ဇွန်၁၈ရက်ကလည်း မြိုင်ချောင်းဆည်၊ သီရိနန္ဒာဆည်နှင့် ဆင်ချောင်းဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် နှစ်သိန်း ငါးမျိုးစိုက်လွှတ်ပေးခဲ့ကြောင်းနှင့် အဆိုပါငါးမျိုးစိုက် ငါးလွှတ်ရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးနှင့် အဖွဲ့ဝင်များ၊မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ဌာနဆိုင်ရာများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

အုတ်ဖိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကျင်းပ

အုတ်ဖို ဇွန် ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီက မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ မိသားစုဝင်ကျောင်းသားကျောင်းသူများအား ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၄ရက်နံနက် ၉နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစောလွင်နှင့်အဖွဲ့ဝင်များ၊ မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောလွင်က ပညာသင်စရိတ်ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောလွင်က တက္ကသိုလ်အဆင့် ၄၀၊ အထက်တန်းအဆင့် ၄၂ဦး၊ အလယ်တန်းအဆင့် ၆၃ဦး၊ မူလတန်းအဆင့် ၈၃ဦးတို့အား ထောက်ပံ့ငွေကျပ် ၄၇၃၅၀၀ ကို ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်စာကြည့်တိုက် အဆောက်အအုံလှူဒါန်း

မင်းဘူး မေ ၂၈

မင်းဘူး(စကု)မြို့နယ် ကျေးလက် စာကြည့်တိုက်များ စဉ်ဆက်မပြတ် ရှင်သန်ရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရွာသာယာကျေးရွာနှင့် ရေပုတ်ကျေးရွာများတွင် ကျေးလက်စာကြည့်တိုက် အဆောက်အအုံလှူဒါန်းပွဲအခမ်းအနားများကို မေ၂၄ ရက်နှင့်၂၆ရက်များကကျင်းပရာကျေးရွာဥက္ကဋ္ဌများကလှူဒါန်းသည့် အဆောက်အအုံပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့် (မြို့နယ်ဦးစီးကော်မတီဥက္ကဋ္ဌ)ထံ ပေးအပ်သည်။

အခမ်းအနားများသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေ၊ ဒုတိယဦးစီးမှူးဦးကျော်စိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်လွင်နှင့်အမှုဆောင်များ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စာကြည့်တိုက်များအတွက် စာအုပ်များ၊ မဂ္ဂဇင်းများနှင့် စာစောင်များကို လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းကြသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများမှာ ရွာသာယာ စာကြည့်တိုက်အတွက် ငွေကျပ် ၁၂သိန်းဖိုးနှင့်ရေပုတ်ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်၃၅၀၀၀၀ ဖြစ်ကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

(၁၀၄)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သုခမ္မမဏိဇောတရေ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှုထူးချွန် ပထမဆင့် **(အပေါ်ပုံ)**သည် ဇွန် ၂၈ရက်က အမှတ်(၂)တပ်မတော် ဆေးရုံကြီးတွင်(၁၀၄)ကြိမ်မြောက်သွေး လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများလှူဒါန်း

လှည်းကူး ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အထက ဒါးပိန်ကျောင်းသား ကျောင်းသူများအတွက် ပညာဒါန အလှူငွေကျပ် ၁၂၄၇၅၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို အလှူရှင်ဦးထိန်လင်း-ဒေါ်ယုယုနွယ်၊ သား မောင်ဟိန်းထက်လင်း (Five Squares Co., Ltd.) မိသားစုက ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇွန် ၂၄ရက်က (အထက-ဒါးပိန်)ကျောင်းခန်းမဆောင်၌ ကျင်းပရာ အလှူရှင်မိသားစုနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့က ကျောင်းသား၊ကျောင်းသူခုနစ်ဦးသို့ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

မြေလွတ်မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကျောက်ကြီး ဇွန် ၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မေ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြေလွတ်မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင် မြေချစိုက်ပျိုးခြင်းကို စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့် တို့က လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။ **(၂၁၁)**

ကြို့ပင်ကောက်၌ သစ်စက်ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်

ကြို့ပင်ကောက် ဇွန် ၂၇

ကြို့ပင်ကောက်မြို့ အမှတ်(၈၇) သစ်စက်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ရက်က အဆိုပါ သစ်စက်ခန်းမတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှသိန်းက အမှာစကားပြောကြားပြီး အမှတ်(၈၇)သစ်စက် မန်နေဂျာ ဦးအောင်သိန်းက ဝန်ထမ်းသားသမီးများအားပညာသင်စရိတ်ထောက်ပံ့ငွေများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(ဝဲပုံ)** **(၀၄၀)**

မြန်မာစာပေ၏ကောင်းမွန်မြတ်နိုးအပ်သည့် အချက်များကိုထိန်းသိမ်း ခေတ်နှင့်အညီစာပေလောကဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် အမျိုးသားရေးအကျိုးစီးပွားကို စာပေစွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်ကာကွယ်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ပထမနေ့ စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ပထမနေ့အစီအစဉ်များကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌စတင်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

စတုတ္ထအကြိမ်ညီလာခံ ပထမနေ့သို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်း များမှ စာပေညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အလှည့်ကျသဘာပတိ

စတုတ္ထအကြိမ်ညီလာခံ ပထမနေ့ နံနက်ပိုင်းတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးညွန့်အောင်(မောင်သီဟ-ဥပဒေ)၊ ဦးတင်ထွန်း (ရွှေလီမောင်မောင်)၊ ဦးဘထိန်(ထီလာဖိုးဘထိန်)၊ ဦးတင်မြင့် (နေမျိုးသန့်)၊ ဦးလှမောင်လတ်(သီပေါ ကိုလတ်)နှင့် ဦးမောင်ကျော်ဦး(ကျော်ဦး-ပြန်ဆက်) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ■

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်များလှူဒါန်းသည့် အလှူငွေများနှင့် စာအုပ်များကို လက်ခံစဉ်။ (သတင်းစဉ်)

အင်္ဂလန်အသင်းကိုပယ်နယ်တီဖြင့်နိုင်ပြီး ပေါ်တူဂီအသင်း အကြိုဗိုလ်လုပွဲသို့တက်ရောက်

သတင်းမှတ်စု ကိုဗွေး

ရန်ကုန် ဇူလိုင် ၁

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်(၃)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည၉နာရီခွဲက ဂျယ်လ်ဆင်ကာချန်မြို့ရှိ Aufschalke Arenaအားကစားကွင်း၌ အင်္ဂလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက အင်္ဂလန်အသင်းကို ပယ်နယ်တီအဆုံး အဖြတ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနီကတ်

ပထမပိုင်းတွင် အင်္ဂလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ခြေရည်တူကစားနိုင်ခဲ့သည်။ ဒုတိယပိုင်း တွင် အင်္ဂလန်အသင်းမှ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ဒဏ်ရာရရှိသွားသဖြင့် လင်နွန်နှင့် လူစားလဲခဲ့ရသည်။ ပွဲချိန် ၆၂မိနစ်တွင် အင်္ဂလန်အသင်းမှ တိုက်စစ်မှူး ရွန်နေ တိုက်ရိုက် အနီကတ် ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ဦးဖြင့်သာ ကစားခဲ့ရသည်။ အင်္ဂလန်အသင်း တစ်ဦးလျော့ဖြင့် ကစားရပြီးနောက် ပေါ်တူဂီအသင်း အသာစီးမှ ကစားနိုင်ခဲ့သည်။ အင်္ဂလန်အသင်းက အလယ်တန်းလူ ဂျိုကိုးလ်အစား ပီတာခရော့ချ်ကိုထည့်၍ ရှေ့တန်းအားဖြည့်ခဲ့ရသည်။ အချိန်ပို ဒုတိယပိုင်းပြီးဆုံးခါနီး၌ လင်နွန်အစား ကာရေဂါကို လူစားလဲကစားခဲ့သည်။

အချိန်ပို

အင်္ဂလန်အသင်းနှင့်ပေါ်တူဂီ အသင်းတို့ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀နှင့် အချိန်ပို မိနစ်၃၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်း နိုင်၍ ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ***စာမျက်နှာ ၁၄ ကော်လံ ၃*** ❒



အင်္ဂလန် အသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ အနိုင်ရရှိသွားသော ပေါ်တူဂီ အသင်းသားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။(ဓာတ်ပုံ-အင်တာနက်)

မိုးလေဝသအခြေအနေ (ဇူလိုင် ၂ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး